ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်၊ စနေနေ့၊ (9-4-2005) (၄၅၆၃)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုက ထားဝယ်မြို့နယ် ရှင်မုတ္ထီးကျေးရွာရှိ ရှင်မုတ္ထီးဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရှိပြီး အလုပ်လုပ်သူဦးရေ များပြားသည်နှင့်အမျှ တနင်္သာရီတိုင်းသည် မကြာမီကာလအတွင်း ခေတ်မီတိုးတက်လာမှာဖြစ်

တနင်္သာရီတိုင်းဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာ၌ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် အပြန်အလှန်အမှီသဟဲပြု ပေါင်းစပ်လုပ်ကိုင်ရမှာဖြစ်

ရန်ကုန်   ဧပြီ   ၈

တနင်္သာရီတိုင်း ကော့သောင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဧပြီ ၆ရက် ညနေ ၃နာရီတွင် လေယာဉ်ဖြင့် ကော့သောင်းမြို့မှ ထားဝယ်မြို့သို့ ရောက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ထားဝယ်လေဆိပ်တွင် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစန်းမြင့်ဦး၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးမောင်မောင်ဝင်း၊ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထားဝယ်တက္ကသိုလ်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ထားဝယ်တက္ကသိုလ်သို့ သွားရောက်ပြီး ပင်မလေးထပ်ဆောင် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထားဝယ်မြို့ ထားဝယ်ဘူတာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၉-၄-၂၀၀၅
(စနေနေ့)

နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ပေါင်းစည်းအားဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ထူထောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တစ်မျိုးသားလုံး၏ ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် တပ်မတော်၊ တိုင်းရင်းသားပြည်သူတို့နှင့်အတူ တက်ညီလက်ညီ လက်တွဲကြိုးပမ်း ဖော်ဆောင်နေသည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့်အခြေခံအဆောက်အအုံများစွာကို နယ်မြေဒေသအလိုက် လိုအပ်ချက်များနှင့်အညီ တိုးချဲ့တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိကြောင်း တွေ့မြင်နေရသည်။

နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် ဒေသအနှံ့သို့ သွားရောက်၍ စီမံကိန်းလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် တနင်္သာရီတိုင်း ခရီးစဉ်အတွင်း ဧပြီလ ၅ ရက်နှင့် ၆ ရက်နေ့များက ကော့သောင်းမြို့သို့ ရောက်ရှိစဉ် မြို့ပတ်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် မြို့ပတ်လမ်းတစ်လျှောက်ရှိ ရပ်ကွက်များ၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ မြို့မဆိပ်ကမ်းအနီး မြေထိန်းနံရံတည်ဆောက်မှုလုပ်ငန်းနှင့် ကော့သောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ ကော့သောင်း တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများ၊ ကော့သောင်း ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာ၌ **ဒို့တာဝန်အရေးသုံးပါးကိုအခြေခံ၍ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် အင်အားစုသုံးရပ် ပေါင်းစည်းပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားကြရမှာ ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက် ခိုင်မာနေအောင် ကြိုးစားထူထောင်ကြရန် လိုကြောင်း** လမ်းညွှန်မှာကြားခဲ့သည်။

ဒို့တာဝန်အရေးသုံးပါးသည် ပြည်သူတစ်ရပ်လုံးနှင့်သက်ဆိုင်ပြီး နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်များဖြစ်၍ တပ်မတော်အပိုင်းကသာမက နယ်ဘက်ဆိုင်ရာအပိုင်းများအပါအဝင် တိုင်းရင်းသားပြည်သူများ အားလုံးကပါ အလေးထားခံယူကျင့်သုံးကြရမည့် မူဝါဒများဖြစ်သည်။

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းခြင်းနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံကောင်းများ ခိုင်ခိုင်မာမာပေါ်ထွန်းလာခြင်းသည် နိုင်ငံတော်ပိုင်းမှ ပုဂ္ဂိုလ်များရော၊ အောက်ခြေအဆင့်ဆင့်ရှိ တာဝန်ရှိသူများပါ တက်ညီလက်ညီ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြ၍ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများ၏ လက်တွေ့ကျမှု၊ မှန်ကန်မှုတို့ကြောင့်လည်း ဖြစ်ပေသည်။

တနင်္သာရီတိုင်းကဲ့သို့ ရေမြေသဘာဝသယံဇာတ ပေါများကြွယ်ဝသောဒေသတွင် စိုက်ပျိုးရေးနှင့် ငါး၊ ပုစွန်၊ ပုလဲ မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာနိုင်သည်နှင့်အမျှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာ နိုင်သည့် အလားအလာကောင်းများဖြင့် ပြည့်စုံနေကြောင်း တွေ့ရသည်။ တိုင်းအတွင်း မြေလွတ်၊ မြေရိုင်းများစွာ ရှိနေသည်ဖြစ်ရာ စပါးနှင့် ငရုတ်ကောင်းကဲ့သို့ ဝင်ငွေတိုး အကျိုးရှိစေမည့် သီးနှံများနှင့် ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသည့် ဆီအုန်းနှင့် ရော်ဘာတို့ကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ပြည်ပသို့ပင် တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် အင်အားစုသုံးရပ် ပေါင်းစည်းအားဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ခိုင်မာလာပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်ရေးအတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နန်းသီတာစခန်း(၁)အခြေခံစိုက်ပျိုး မွေးမြူရေးသင်တန်း ဖွင့်လှစ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၈

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာစခန်း(၁)အခြေခံစိုက်ပျိုးမွေးမြူရေးသင်တန်းအမှတ်စဉ်(၉/၂၀၀၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၅ ရက် နံနက် ၁၁နာရီက အဆိုပါစခန်းသင်တန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်/ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်ကြီးတပ်နယ်မှ တပ်ရင်းတပ်ဖွဲ့မှူးများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အစီအစဉ်အရတိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက်တိုင်းမှူးသည် ရပ်စောက်မြို့နယ် တပ်ဦးကျေးရွာရှိ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက်၏ တပ်ဦးစိုက်ပျိုးရေးခြံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တိုင်းမှူးအား ခြံတာဝန်ခံဦးစိုးထွန်းက ခြံအတွင်းနှစ်ရှည်ရာသီ သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ခြံအတွင်း နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

စုပေါင်းရဟန်းခံရှင်ပြု ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၈

ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်း မင်္ဂလာလမ်းရှိ ဓမ္မရိပ်သာကျောင်းတိုက်ကြီးတွင် ဧပြီ ၁၂ ရက်မှ ၁၇ ရက်အထိ အကြိမ်(၃၀)မြောက် စုပေါင်းရှင်ပြုရဟန်းခံ ဒုလ္လဘအလှူပွဲကို ကျင်းပမည်ဖြစ်ရာလှူဒါန်းလိုသူများသည်ဓမ္မရိပ်သာကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တသုဇာတအရှင်သူမြတ်ထံတွင် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (၅၇)

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား တရုတ်ဧည့်သည်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဧပြီ ၈

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery Import & Export Corporation မှ President Mr. Chen Fang နှင့်အဖွဲ့သည် ယမန်နေ့ညနေ ၃နာရီတွင် ကံဘဲ့လမ်းရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဂါရဝပြုသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် သတ္တုကဏ္ဍနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီဝင်များနှင့် ပြည်နယ်/ တိုင်း ဘောလုံးဒိုင် ဆပ်ကော်မတီဝင်များ အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့နံနက် ၉နာရီတွင် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ညှိနှိုင်းစီစဉ်ဖွင့်လှစ်သော ၂၀၀၅ ခုနှစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီဝင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ ဘောလုံးဒိုင်ဆပ်ကော်မတီဝင်များ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီ ဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ အာဆီယံဘောလုံးအဖွဲ့ချုပ်ကိုယ်စားလှယ် Mr. Subramanian Nathan နှင့် ဒိုင်ကော်မတီဝင် သင်တန်းသားများ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ သင်တန်းသားများနှင့် တစ်ဦးချင်းမိတ်ဆက်ပေးပြီး အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အလုပ်ရုံဆွေးနွေးပွဲ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

လက်ခံရယူ

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက သင်တန်းသားများအား အားကစားဝတ်စုံများ ချီးမြှင့်ပေးအပ်ရာ သင်တန်းသားကိုယ်စားလှယ်တစ်ဦးက လက်ခံယူသည်။

နှုတ်ဆက်

ယင်းနောက် အာဆီယံဘောလုံးအဖွဲ့ချုပ်ကိုယ်စားလှယ် Mr. Subramanian Nathan က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဝန်ကြီးနှင့် တာဝန်ရှိသူတို့က သင်တန်းသားများအား နှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဌာနဆိုင်ရာများမှ ဒိုင်ကော်မတီဝင် စုစုပေါင်း ၄၀ တက်ရောက်ကြပြီး ဧပြီ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများအတွက် လေ့ကျင့်သင်ကြားရေး အာဆီယံ လူ့စွမ်းအားဗဟိုဌာန (ASEAN Resource Centre for Training of Trainers for Civil Service) ၏ ကြီးကြပ်စီစဉ်မှုဖြင့် လေ့ကျင့်သင်ကြားရေး ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲ ကို ဧပြီ ၄ရက်မှ ဧပြီ ၆ရက်အထိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပရာဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)နှင့် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ သင်တန်းဆရာများနှင့် လေ့ကျင့်ရေးဆိုင်ရာ တာဝန်ရှိဝန်ထမ်းများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် (၂၅/ဒီ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်နေ ဒေါက်တာ မျိုးပိုင်-ဒေါ်ဆွေဆွေသန်း၊သမီးလှိုင်သက်ထား၊ ထက်ကေခိုင်မိသားစုက အက်ဖ်အီးစီ ၂၀၀ကို ဦးမင်းလွင် (အထွေထွေအတွင်းရေးမှူး)သို့ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းဆီကြိတ်စက်ရုံမှာ တစ်နာရီ တန် ၃၀ ကျ စက်ရုံဖြစ် မေလမှစ၍ ဆီအုန်းဆီကြိတ်များ အပြည့်အဝ ကြိတ်ခွဲထုတ်လုပ်သွားမည်

❀ **ကျောဖုံးမှ**

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် စက်ရုံ၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို နံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက်ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည် ကြည့်ရှု စစ်ဆေးကြရာ ရှေးဦးစွာ စက်ရုံအတွင်းဆီသီးခိုင်များ စုပုံထားမှု၊ ဆီသီးခိုင်များကို Conveyor ဖြင့် စက်ရုံသို့ သယ်ယူ၍ လှောင်အိမ်များဖြင့် ပေါင်းအိုးတွင်း ထည့်သွင်းမှုလုပ်ငန်းအဆင့်ဆင့်ကို တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဆီသီးများနှင့် အခိုင်များ သီးခြားစီ ခွဲထုတ်သည့်လုပ်ငန်း၊ ဆီသီးခိုင်များကို မီးရှို့သည့်လုပ်ငန်း၊ ဆီကြိမ်း ကြိတ်ခွဲသည့်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဆီအုန်းဆီကြိမ်းနမူနာကိုလည်းကောင်း၊ Power Station နှင့် Boiler Station တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များအား စက်ရုံဧည့်ရိပ်သာ၌ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌဦးဌေးမြင့်က တနင်္သာရီတိုင်း ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း၌ မိမိတို့ကုမ္ပဏီအနေဖြင့် ဆီအုန်းဧက တစ်သိန်း စိုက်ပျိုးသွားမည် ဖြစ်ပါကြောင်း၊ ယနေ့အထိ ဆီအုန်းဧက ၅၁၈၆၃ ဧက စိုက်ပျိုးပြီးဖြစ်ပါကြောင်း၊ ရည်မှန်းဧက ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး ယခုနှစ် စိုက်ပျိုးရန် ဆီအုန်းပင်များ ပျိုးထောင်ပြီးစီးမှု၊ စီမံကိန်းတွင်အသုံးပြုသည့်စက်ယန္တရားအင်အား၊ ဆီအုန်းခြံများအတွင်း လမ်းဖောက်လုပ်ထားမှုများ၊ လုပ်သားအင်အားနှင့် လုပ်သားများအတွက် နေရေး၊ စားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးဆောင်ရွက်ပေးမှုများ၊ ဆီအုန်း ဆီကြိမ်းစက်ရုံ တည်ဆောက်ခဲ့သည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက မှာကြားရာတွင် တနင်္သာရီတိုင်း ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် ယုဇနကုမ္ပဏီလီမိတက်က စီမံကိန်းဧက ငါးသိန်း၏ ၂၀ရာခိုင်နှုန်း၊ တစ်နည်းအားဖြင့် (ငါးပုံ-တစ်ပုံ)စိုက်ပျိုးသွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသဖြင့် ယုဇနကုမ္ပဏီ၏ ဆောင်ရွက်ချက်များကို မိမိတို့ တန်ဖိုးထားကြောင်း။

ယနေ့တွင်လည်း ယုဇနကုမ္ပဏီအနေဖြင့် တစ်နာရီတန် ၃၀ကျခေတ်မီ ဆီအုန်း ဆီကြိမ်းစက်ရုံကို ဖွင့်လှစ်နိုင်ပြီဖြစ်ရာ ယုဇနကုမ္ပဏီအတွက်သာမက အခြားဆီအုန်းလုပ်ငန်းရှင်များအတွက်ပါ အားရဖွယ်ရာဖြစ်ကြောင်း။

ဆီအုန်းစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် အားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ဇွဲရှိရှိဆောင်ရွက်

မည်သည့်လုပ်ငန်းမဆိုအောင်မြင်မှုရရေးအတွက်အဘက်ဘက်က ကြိုးပမ်းအားထုတ်ရရာ ဆီအုန်းစီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ဇွဲရှိရှိ၊ စီမံခန့်ခွဲမှုကောင်းကောင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အတွေ့အကြုံရှိသူများထံမှလည်း အကြံဉာဏ်များ ရယူဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ရှိ ယုဇနကုမ္ပဏီလီမိတက်၏ တစ်နာရီ တန် ၃၀ ကျ ဆီအုန်းဆီကြိမ်းစက်ရုံဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ထို့ပြင် မိမိတို့စီမံကိန်းအလိုက် လုပ်ကိုင်လျက်ရှိသည့် ဝန်ထမ်းများ၊ လုပ်သားများ၏ ရိုးသားကြိုးစားမှု၊ သစ္စာရှိမှု၊ ယုံကြည်အားထားမှုများ ရရှိလာရေးအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက် ပေးကြရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပုံစံငယ်ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဧည့်ခန်းအတွင်းပြသထားသည့် ဆီအုန်းဆီကြိမ်း၊ ဆီသီး၊ မြေဆီထိန်းပဲ၊ ဇီဝမြေသြဇာ၊ ပိုးသတ်ဆေးတို့ကို လည်းကောင်း၊ ဆီအုန်းဆီကြိမ်းစက်ရုံ ပုံစံငယ်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်သည့် ဆီအုန်းဆီကြိမ်းစက်ရုံမှာ တစ်နာရီ တန် ၃၀ ကျစက်ရုံဖြစ်ပြီး စက်ပစ္စည်းများကို ထပ်မံဖြည့်တင်း လိုက်ပါက တစ်နာရီတန်၆၀ ကျအောင် ကြိတ်ခွဲနိုင်မည့်စက်ရုံ ဖြစ်သည်။ ဤစက်ရုံကို မေလမှစတင်၍ ဆီအုန်း ဆီကြိမ်းများ အပြည့်အဝ ကြိတ်ခွဲထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပေးပို့ရောင်းချနိုင်

ဤခေတ်မီ ဆီကြိမ်းစက်ရုံ တည်ထောင်မှုကြောင့် ယုဇနကုမ္ပဏီအတွက်သာမက အနီးပတ်ဝန်းကျင်ရှိ ဆီအုန်းခြံငယ်ပိုင်ရှင်များအတွက်လည်း မိမိတို့ခြံအလိုက်ထွက်ရှိသော ဆီအုန်းခိုင်များကို အချိန်မီလွယ်လင့်တကူ စက်ရုံသို့ ပေးပို့ ရောင်းချနိုင်ပြီဖြစ်သည်။

ယုဇနကုမ္ပဏီကဲ့သို့ပင် အခြားဆီအုန်းကုမ္ပဏီများကလည်း ဆီအုန်းဆီကြိမ်းစက်ရုံများတိုးချဲ့ထူထောင်ရန် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည်စက်ရုံဖွင့်ပွဲအပြီးတွင် ခမောက်ကြီးမြို့ ဒေသခံတပ်ရင်းသို့ သွားရောက်ပြီး ဒေသခံတပ်ရင်းမှ တပ်မတော်သားများနှင့် မိသားစုများ၊ ခမောက်ကြီးမြို့မှ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခမောက်ကြီးမြို့အုပ်ချုပ်ရေးမှူး ဦးကံထူးနှင့် တာဝန်ရှိသူများက ခမောက်ကြီးမြို့ အကျယ်အဝန်း၊ အိမ်ထောင်စုနှင့် လူဦးရေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် ဌာနအလိုက် လုပ်ငန်းတာဝန် ဆောင်ရွက်မှုများကိုလည်းကောင်း၊ ဒေသခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးဆန်နီအုန်းက ဒေသတွင် ဆီအုန်း၊ရော်ဘာ စိုက်ပျိုးဖြစ်ထွန်းနိုင်မှုများကို လည်းကောင်း၊ မိသားစုဝင် တစ်ဦးက တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စိုက်ပျိုးရေးဆိုင်ရာကိစ္စများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းအားပေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို ဖြည့်ဆည်း အားပေးမှာကြားသည်။ (သတင်းစဉ်)

ဆီအုန်းဆီကြိမ်းစက်ရုံ

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ရှိ ယုဇနကုမ္ပဏီ လီမိတက်၏ တစ်နာရီတန် ၃၀ကျ ဆီအုန်းဆီကြိမ်းစက်ရုံကို တွေ့ရစဉ်။

(သတင်းစဉ်)

အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဆင်း

ရန်ကုန် ဧပြီ ၈

ရှေ့နေချုပ်ရုံး ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနနုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် စတုတ္ထအကြိမ်မြောက် အခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်းပွဲ အခမ်းအနားကိုဗဟန်း(၂)လမ်းရှိ ရှေ့နေချုပ်ရုံးဓမ္မာရုံ၌ ယမန်နေ့ နံနက် ၇နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းနှင့် ညွှန်ကြားရေးမှူးများ၊ ရှေ့နေချုပ်ရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း ဥပဒေအရာရှိနှင့် ခရိုင်ဥပဒေအရာရှိများ၊ မြို့နယ် ဥပဒေအရာရှိများ၊ သင်တန်းဆရာမများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

တက်ရောက်

သင်တန်းကာလမှာ မတ် ၂၁ရက်မှ ဧပြီ ၇ ရက်ထိ ၁၆ ရက်ကြာမြင့်ပြီး သင်တန်းသား ၈၁ ဦး တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ရှေ့နေချုပ်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ် တို့က ဆုများအသီးသီးချီးမြှင့်ခဲ့သည်။

(တိုင်းဥပဒေ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဧပြီလအတွက်

(၁၀-၄-၂၀၀၅)ရက်နေ့

နှင့်

(၂၄-၄-၂၀၀၅)ရက်နေ့

အာဖဂန်တောင်ပိုင်းတွင် ကန်ရဟတ်ယာဉ်တစ်စင်းပျက်ကျ ၁၆ ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က အတည်ပြု

ကဘူး ဧပြီ ၇

အမေရိကန်စစ်ဘက်မှ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်တစ်စင်းသည် အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသတွင် ဗုဒ္ဓဟူးနေ့က ပျက်ကျသွားရာ လူ ၁၆ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ကဘူးရှိ အမေရိကန်စစ်ဘက်က ပြောကြားသည်။

အမေရိကန် အပေါင်းပါတပ်ဖွဲ့မှ စီအိပ်ချ်-၆၇ အမျိုးအစား ပို့ဆောင်ရေး ရဟတ်ယာဉ်တစ်စင်းသည် ဂါဇနီဒေသအနီး ဗုဒ္ဓဟူးနေ့မွန်းလွဲပိုင်းက ပျက်ကျသောကြောင့် လူ ၁၆ ဦး သေဆုံးသည်ဟု အတည်ပြုထားကြောင်း အမေရိကန်ဦးဆောင်အပေါင်းပါတပ်ဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

ရဟတ်ယာဉ်ဝန်ထမ်းများနှင့် ခရီးသည်များအပါအဝင် လူ ၁၈ ဦး ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသည်ဟု လေယာဉ်ခရီးသည်စာရင်းအရ သိရှိရပြီး နှစ်ဦးသည် မည်သူမည်ဝါမှန်း ဖော်ပြနိုင်ခြင်းမရှိသေးဟု ဆိုသည်။

အမေရိကန်စစ်ဘက်က သေဆုံးသူများ မည်သူမည်ဝါဖြစ်သည်ကို ယခုအခါ ထုတ်ဖော်ပြောကြားရန် ငြင်းဆန်လျက်ရှိသည်။

အဆိုပါ ရဟတ်ယာဉ်သည် ရီဒုတ်အမည်ရှိ လေယာဉ်ဖြစ်ပြီး ပုံမှန်မစ်ရှင်လုပ်ငန်းတာဝန်အရ သွားရောက်ခဲ့ရာ ဘက်ဂရမ်လေဆိပ်သို့ နှစ်စင်းပြန်လာရာမှ တစ်စင်းသည် ကဘူးမြို့တော်အရှေ့တောင်ပိုင်း ကီလိုမီတာ ၁၆၀ အကွာရှိ ဂါဇနီပြည်နယ်ရှိ စူဒိုင်ဒက်ကျေးရွာအနီးတွင် ပျက်ကျသွားခဲ့ခြင်းဖြစ်သည်။ ကျန်ရဟတ်ယာဉ်တစ်စင်းသည် အခြေစိုက်စခန်းသို့ ဘေးမသီရန်မခပြန်လည်ရောက်ရှိသည်။

ရဟတ်ယာဉ် ပျက်ကျသည့်အကြောင်းရင်းဇာစ်မြစ်သည် ရာသီဥတုပြင်းထန်ဆိုးရွားမှုကြောင့်ဟု ကနဦးသတင်းများအရ သိရသည်။

ကယ်ဆယ်ရေးလုပ်ငန်းများအား ညမှောင်မိုက်နေမှုနှင့် ရာသီဥတုအခြေအနေများကြောင့် ညဘက်တွင် ရပ်ဆိုင်းထားခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အီရတ်မြောက်ပိုင်းတွင်သေဆုံး

ဘဂ္ဂဒက် ဧပြီ ၅

လက်နက်ကိုင်များက အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား အီရတ်နိုင်ငံမြောက်ပိုင်းဒေသရှိ တယ်လ်အဖာမြို့တွင် ပစ်သတ်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။

လွတ်မြောက်ရေး အထူးတပ်ဖွဲ့မှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး တယ်လ်အဖာမြို့တွင် ပြောက်ကျားများ၏ ပစ်ခတ်မှုကြောင့် စနေနေ့က သေဆုံးခဲ့ပြီး၊ အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။ အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား ၂၀၀၃ ခုနှစ် မတ်လတွင် ကျူးကျော် တိုက်ခိုက်ပြီးသည့်နောက် အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၅၃၀ ရှိသွားပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဘဂ္ဂဒက်ဆင်ခြေဖုံးဒေသတွင် ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးသွားသော အဘူဂါရိပ်အကျဉ်းထောင်ကို ဧပြီ ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အခွန်အကောက်မပေးသည့် ယာဉ် ၃၉ စီး သိမ်းဆည်း

အေသင် ဧပြီ ၆

ဂရိနိုင်ငံ အက်တီကာဒေသမှ ဘဏ္ဍာရေးဆိုင်ရာ မှုခင်းဌာနက သင့်တင့်လျောက်ပတ်သည့် အခွန်အကောက် မပေးဘဲ မော်တော်ယာဉ်များ အတားအဆီးမရှိ တင်သွင်းနေကာ ငွေကြေးအကြံအဖန်လုပ်နေသည့် ဂိုဏ်းတစ်ဂိုဏ်းကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် မော်တော်ယာဉ် ၃၉ စီးကို သိမ်းဆည်းလိုက်ကြောင်းဖြင့် အေသင်သတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

ယင်းပြစ်မှုကို ဂရိအကောက်ခွန်ရုံးက စုံစမ်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။ အဆိုပါဂိုဏ်းက တရားဝင် မော်တော်ယာဉ် မှတ်ပုံတင်ရရှိရေးနှင့် သင့်တင့်သော အခွန်အကောက်များ မပေးရဘဲ မော်တော်ယာဉ်များအတွက် မော်တော်ယာဉ်လိုင်စင်နံပါတ်ပြားရရှိရေးအတွက် အကောက်ခွန်ဌာနသို့ စာရွက်စာတမ်းအတုများ တင်သွင်းခဲ့ကြောင်း ဂရိအကောက်ခွန်ရုံးက ထုတ်ဖော်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ယူဂန်ဒါတွင် ငြိမ်းချမ်းရေးဆောင်ရွက်ရန် အရပ်ဘက်အဖွဲ့အစည်းများက တောင်းဆို

ကမ်ပါလာ ဧပြီ ၅

အစိုးရနှင့် လော့ဒ်ရီစစ်တန့်ဆန့်ကျင်ရေးအဖွဲ့ (အယ်လ်အာအေ)တို့သည် ယူဂန်ဒါနိုင်ငံမြောက်ဘက်တွင် စစ်ပွဲဖြစ်ပွားနေကြသည်။ အဆိုပါဖြစ်ပွားမှုတွင် အပြစ်အခတ်ရပ်စဲရန် အရပ်ဘက်အဖွဲ့အစည်းများက တောင်းဆိုခဲ့ကြသည်။ ထိုလုပ်ဆောင်မှုကြောင့် ဒေသရှိပြည်သူများ၏ အတိဒုက္ခရောက်ရမှုမှ လွတ်မြောက်နိုင်မည်ဖြစ်သည်ဟု သတင်းတစ်ရပ်၌ ရေးသားဖော်ပြထားသည်။

ယူဂန်ဒါနိုင်ငံမြောက်ပိုင်း ငြိမ်းချမ်းရေး အရပ်ဘက်အဖွဲ့ (စီအက်စ်အိုပီအမ်ယူ)တွင် အဖွဲ့ဝင်ပေါင်း ၄၀ ကျော်ပါဝင်သည်။ အစိုးရသည် အယ်လ်အာအေအဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးအတွက် ဆက်လက်လုပ်ဆောင်ရန် လိုအပ်သည်ဟု ၎င်းအဖွဲ့က ပြောကြားခဲ့သည်။

အယ်လ်အာအေအဖွဲ့သည် တိုက်ခိုက်မှုများနှင့် အရပ်သားများ ဖမ်းဆီးမှုများကို ချက်ချင်းရပ်စဲရန်နှင့် ယူဂန်ဒါအစိုးရ၏ ငြိမ်းချမ်းရေး ကမ်းလှမ်းမှုကို လက်ခံရန်လည်း အဆိုပါအဖွဲ့က အားပေး လုပ်ဆောင်ခဲ့ကြသည်။

ယမန်နှစ်က ယူဂန်ဒါမြောက်ပိုင်းကို ငြိမ်းချမ်းရေးဒေသအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။ အစိုးရနှင့် အယ်လ်အာအေအဖွဲ့တို့သည် တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးအဖွဲ့ ဖွဲ့နိုင်ရေးအတွက် လက်မှတ်ရေးထိုးရန် သဘောတူဆောင်ရွက်ခဲ့ကြသည်။

အချိန်ကြာလေ့လာ

သို့သော် ယခုနှစ်မတိုင်မီ နောက်ဆုံး ငြိမ်းချမ်းရေးသဘောတူချက် လက်မှတ်ထိုးရန်အယ်လ်အာအေအဖွဲ့ကပျက်ကွက်ခဲ့သည်။ ထိုသို့ပျက်ကွက် ရခြင်းသည် ၎င်းတို့က ငြိမ်းချမ်းရေးမူကြမ်းကို လေ့လာရန် အချိန်ယူရမည် ဖြစ်သောကြောင့် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပျက်ပြားခဲ့ရ

ယခုနှစ် ဇန်နဝါရီလကတည်း အယ်လ်အာအေအဖွဲ့သည် အရပ်သားများကို ဖမ်းဆီးခေါ်ဆောင်ခြင်းများ ပြန်လည်လုပ်ကိုင်ခဲ့သည်။ ဖေဖော်ဝါရီလတွင် အစိုးရနှင့် လက်နက် ငြိမ်းချမ်းရေးကိစ္စ ပျက်ပြားခဲ့ရသည်။

ယူဂန်ဒါ မြောက်ဘက်တွင် ဖြစ်ပွားသောစစ်ပွဲကို အဆုံးသတ်ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း စီအက်စ်အိုပီအမ်ယူအဖွဲ့က ဖော်ပြခဲ့သည်။ အဆိုပါစစ်ပွဲကို တရားမျှတမှုနှင့် ငြိမ်းချမ်းရေး စီစဉ်ဆောင်ရွက်မှုဖြင့်သာ အဆုံးသတ် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

တောင်းဆို

အပြည်ပြည်ဆိုင်ရာ ကော်မတီအဖွဲ့ကို အဆိုပါ ငြိမ်းချမ်းရေးဆောင်ရွက်မှုတွင် တက်ကြွစွာ ဆောင်ရွက်ပေးရန် စီအက်စ်အိုအမ်ယူအဖွဲ့က တောင်းဆိုခဲ့သည်။

ထွက်ပြေးတိမ်းရှောင်

လွန်ခဲ့သော ၁၉ နှစ်ကြာကာလကတည်းက ယူဂန်ဒါမြောက်ပိုင်းတွင် အယ်လ်အာအေအဖွဲ့၏ တိုက်ခိုက်မှုများခံကြရသည်။ ပြည်သူထောင်ပေါင်းများစွာ သေဆုံးခဲ့ကြရပြီး ပြည်သူ ၁ ဒသမ ၄ သန်းကျော်သည် စစ်ကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

အမ်အင်အေ၊ဆင်ဟွာ။

လုံခြုံရေးဆောင်ရွက်

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်အနောက်ဘက် အမာရီယာဒေသတွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေသည်ကို ဧပြီ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်တွင် အီရတ်ဗိုလ်ချုပ်တစ်ဦး ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် ဧပြီ ၆

လက်နက်ကိုင်များက ဘဂ္ဂဒက်အနောက်ပိုင်းတွင် အီရတ်ကြည်းတပ်မှ ဗိုလ်ချုပ်တစ်ဦး စီးနင်းလာသည့် မော်တော်ယာဉ်တန်းအား အင်္ဂါနေ့က အသေခံဗုံးဖောက်ခွဲပြီးခဲ့သည့်နောက် ၎င်းဗိုလ်ချုပ်အား ပြန်ပေးဆွဲသွားခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

လက်နက်ကိုင်အချို့က ဗိုလ်မှူးချုပ်မိုဟာမက်ဆလေး၏ မော်တော်ယာဉ်တန်းအား ဘဂ္ဂဒက်အနောက်ပိုင်းဒေသရှိ အမာရီယာဖြတ်လမ်းတစ်နေရာတွင် ကားဗုံးဖြင့်ဖောက်ခွဲတိုက်ခိုက်ခဲ့ပြီး ဗိုလ်မှူးချုပ်မိုဟာမက်ဆလေးအား ၎င်းစီးလာသည့် မော်တော်ယာဉ်အပြင်ဘက်သို့ ဆွဲထုတ်ကာ ပြန်ပေးဆွဲသွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ဆလေးသည် ဖျက်သိမ်းခံရသည့် ဆက်ဒမ်ဟူစိန်၏ ကြည်းတပ်မတော်ဖြစ်သည့် အထူးသံချပ်ကာ တပ်မမှ တပ်မှူးတစ်ဦးဖြစ်သည်။

ကားဗုံးဖောက်ခွဲ

ယင်းအချိန်တွင် ဘဂ္ဂဒက်တောင်ပိုင်းဒိုရာခရိုင်မှ အမေရိကန်စစ်ဘက်ဆိုင်ရာ မော်တော်ယာဉ်တန်းအနီး အင်္ဂါနေ့က ကားဗုံးဖောက်ခွဲခဲ့သဖြင့် အမေရိကန်ဟမ်းဗီးယာဉ်တစ်စီးပျက်စီးသွားခဲ့သည်ဟု ကာတာအခြေစိုက် အယ်လ်ဂျာဇီယာရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

ယင်းပေါက်ကွဲမှုကြောင့် အရပ်သားမော်တော်ယာဉ်တစ်စီး ပျက်စီးသွားပြီး လူတစ်ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သို့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင် မည်မျှသေဆုံးမှုရှိသည်ကိုမူ မသိရှိရပေ။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်ရှိ အီရတ်ကြည်းတပ် စစ်ဆေးရေးဂိတ်တွင် ဗုံးပေါက်ကွဲသဖြင့် လူနှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၆

ဘဂ္ဂဒက်မြို့တော်အနီး အမာရီယာဒေသရှိ အီရတ်ကြည်းတပ် စစ်ဆေးရေးဂိတ်တစ်ခုတွင် ကားဗုံးတစ်လုံး အင်္ဂါနေ့က ပေါက်ကွဲသဖြင့် အရပ်သားနှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

အမေရိကန် မော်တော်ယာဉ်တန်းတစ်ခု ဖြတ်သန်းသွားလာစဉ် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ကြီးကြပ် ဆောင်ရွက်နေသည့် စစ်ဆေးရေးဂိတ်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ရာ အမေရိကန်ဟမ်းဗီးယာဉ်နှစ်စီး ပျက်စီးခဲ့သည်။ သို့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူ မည်မျှရှိမှန်း မသိရပေ။

ယင်းပေါက်ကွဲမှုကြောင့် အီရတ်နိုင်ငံသားနှစ်ဦး သေဆုံးပြီး အခြားလူအများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ယင်းပေါက်ကွဲမှုသည် အမာရီယာ ဒေသအနီးရှိ တိရစ္ဆာန်ဆေးကုသရေးကောလိပ်အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်များက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များက ထုတ်ဖော်ပြောကြားမှုမရှိပေ။

ယင်းပေါက်ကွဲမှုသည် အမာရီယာဒေသတွင် အင်္ဂါနေ့က ဒုတိယအကြိမ် ပေါက်ကွဲမှုဖြစ်သည်။ ယင်းနေရာတွင် အီရတ်ကြည်းတပ်မှ ဗိုလ်ချုပ်ကြီးတစ်ဦး၏ မော်တော်ယာဉ်တန်း ဖြတ်သန်းသွားလာစဉ် ကားဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သေးသည်။

အီရတ်ကြည်းတပ်မှ တပ်မှူး ဗိုလ်မှူးချုပ် မိုဟာမက်ဆလေးသည် လုပ်ကြံသတ်ဖြတ်ဖောက်ခွဲမှုမှ လွတ်မြောက်ခဲ့သော်လည်း လက်နက်ကိုင်များက ၎င်းကို ပြန်ပေးဆွဲသွားသည်။

ဒဏ်ရာရရှိ

အင်္ဂါနေ့ကလည်း ဘဂ္ဂဒက်တောင်ပိုင်းဒေသတွင် အမေရိကန်စစ်ဘက်လှည့်ကင်းအနီး တတိယအကြိမ်မြောက် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အီရတ်အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဧပြီ ၈

၂၀၀၅ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းအဆင့် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာဒစ်ဂျစ်တယ် ပိုစတာပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၄ရက် နံနက် ၈နာရီက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်း

ယင်းနောက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍တင်ပြပြီး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်က လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

တင်ပြ

ထို့နောက် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ ကွန်ပျူတာတက္ကသိုလ် (ရန်ကုန်)မှ တာဝန်ရှိသူများ၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လသာ ကျောင်းအုပ်ကြီးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြိုင်ပွဲကျင်းပနိုင်ရေး၊ ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက် သည်။

အဆိုပါ ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား မေ ၁ ရက်မှ ၇ရက်အတွင်း ပြိုင်ပွဲဝင်ပုံစံများကို ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး၌ ထုတ်ယူရမည်ဖြစ်ပြီး ၎င်းပုံစံများကို ဖြည့်စွက်ပြီးပါက မေ ၈ရက်မှ ၁၄ရက်အတွင်း ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၂၄) ထုတ်ဝေဖြန့်ချိ



ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၂၄)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဝဲပုံ)**

အဆိုပါဂျာနယ်တွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားသည့် သတင်း၊ သိန်းစိန်(အမျိုးသားစာပေ-၁၉၆၅)၊ ကြည်လင်း(ဆေး)၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ မောင်မောင်ဟန်(မကွေး)၊ ညွန့်ဟံ(ကြူတော)၊ သိပ္ပံစိုးမြင့်နိုင်၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ ခင်မောင်မောင်ရည်(ကန့်ဘလူ)၊ တင်နွဲ့(ထွေ/ အုပ်)တို့၏ ဖတ်ဖွယ်မှတ်ဖွယ် ဆောင်းပါးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၅၁/ ၂၀၀၄) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၅၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန စစ်ရေးပြကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင်၊ ညွှန်ကြားရေးမှူး(စီမံ/လေ့ကျင့်) ရဲမှူးကြီးဝင်းခေါင်၊ မန္တလေးတိုင်းအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား ဒုတိယရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

စစ်ရေးပြအခမ်းအနားတွင် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူ၍ တပ်ခွဲများကိုစစ်ဆေးပြီး ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။ ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း မြင့်ဇော်၊ ဥပဒေထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သိန်းဝင်းနိုင်၊ စစ်ပညာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နိုင်အောင်လင်း၊ သေနတ်ပစ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းဝဏ္ဏဝင်းတို့အား ဆုများချီးမြှင့်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၅၁) သင်တန်းဆင်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်ရက်များအတွင်း ရေပြတ်လပ်မှုလျော့နည်းရေး စီစဉ်ဆောင်ရွက်ထား

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က မဟာသင်္ကြန်ရက်များအတွင်း ပြည်သူအများ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ကြရန်နှင့် ရေပြတ်လပ်မှု လျော့နည်းစေရေးအတွက် ဧပြီ ၁၄ရက်မှ ၁၆ရက်အထိ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့နယ် လေးမြို့နယ်၊ ရန်ကုန်ဆေးရုံကြီးနှင့် အရေးကြီးနယ်မြေများတွင် ၂၄နာရီ ရေပေးဝေထားမည်ဖြစ်သည်။

ကျောက်တံတား၊ပန်းဘဲတန်း၊လသာ၊ လမ်းမတော်နှင့် ဗဟန်းမြို့နယ်တို့ကို နံနက် ၇နာရီမှ နံနက် ၁၁နာရီထိ တစ်ကြိမ်နှင့် ညနေ ၃နာရီမှ ညနေ ၆နာရီထိတစ်ကြိမ် သတ်မှတ်ကာ တစ်နေ့နှစ်ကြိမ် ရေပေးဝေသွားမည်ဖြစ်ပြီး အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့တွင် နေ့စဉ် နံနက် ၇နာရီမှ ၉နာရီအထိ ရေပေးဝေသွားမည် ဖြစ်သည်။

ထို့ပြင် မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်းနှင့် သာကေတမြို့နယ်တို့ကို ယခင်ရေပေးနေကျ အချိန်အတိုင်း ပေးဝေသွားမည်ဖြစ်ပြီး ဧပြီ ၁၇ရက်မှစ၍ မြို့နယ်အားလုံးကို ယခင်ပုံမှန်ရေပေးဝေချိန်အတိုင်း ဆက်လက်ဖြန့်ဝေသွားမည် ဖြစ်သည်။

သတ်မှတ်ရေပေးချိန်အတွင်း ရေပိုက်များ အရေးပေါ်ပြင်ဆင်ရန် လိုအပ်ပါက သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ပြီး ရေနှင့် သန့်ရှင်းမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အရေးတကြီး အကူအညီ လိုအပ်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဖုန်း-၂၄၃၅၅၀ နှင့် ၃၈၂၉၉၀ တို့သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်သည်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ခေတ္တပိတ်ထားမည်

ရန်ကုန် ဧပြီ ၈

မကွေးတိုင်း ချောက်မြို့နယ်အတွင်း ချောက်မှလမ်းရွာအထိ ဆွဲထားသော ဇရောဝတီမြစ်ကျော် (၆၆) ကေဗွီ ဓာတ်အားလိုင်းကို မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း ဓာတ်အားပိုမိုပေးနိုင်ရန်အတွက် အဆင့်မြှင့်၍ (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်း အဖြစ် ပြောင်းလဲ ဆွဲမည်ဖြစ်သည်။

ဆောင်ရွက်

ယင်းမြစ်ကျော် ဓာတ်အားလိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကိုဓာတ်အားအသုံးနည်းသော သင်္ကြန်ရုံးပိတ်ရက်များအတွင်း ဧပြီ ၁၃ရက်မှ ၁၇ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

ယင်းလုပ်ငန်း ဆောင်ရွက်နေစဉ် စစ်ကိုင်းတိုင်း မုံရွာမြို့နယ်နှင့် မကွေးတိုင်း ပခုက္ကူမြို့နယ် ပတ်ဝန်းကျင်ကို ကျွန်းချောင်း သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ဓာတ်အား အဆက်မပြတ် ပေးထားမည်ဖြစ်သည်။ (၁၃၂)ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်စဉ် လုပ်ငန်းနှင့်မလွတ်ကင်းသော (၆၆)ကေဗွီ ပခုက္ကူဓာတ်အားလိုင်းကို ဧပြီ ၁၃ရက်နှင့် ဧပြီ ၁၄ရက် နှစ်ရက်တွင် နံနက် ၆နာရီမှ ညနေ ၆နာရီအထိ ခေတ္တ ဓာတ်အားပိတ်ထားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဇီဝဗေဒယီအဖွဲ့ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

(၈၂)နှစ်မြောက် မြန်မာနိုင်ငံ ဇီဝဗေဒယီအဖွဲ့ အစည်းအဝေးနှင့် ဘွဲ့တံဆိပ်တော်ရသူအား ချီးမြှင့်ပွဲကို ဧပြီ ၃ရက် နံနက် ၁၀နာရီတွင် အဖွဲ့တည်ရာ အမှတ်(၉) ကြားတောရလမ်း ဗဟန်းမွေ့ရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌ ဦးလှမြင့်က လည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ရုံးအဖွဲ့မှူး ဦးမောင်ကိုက လည်းကောင်း ဆောင်ရွက်ကြပြီး ၂၀၀၅ ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရသော အသင်းဒုတိယဥက္ကဋ္ဌ(၁) ဦးစိုးသိမ်းအား ဂုဏ်ပြုလွှာ ပေးအပ်သည်။

ဆက်လက်၍ ရာသက်ပန်အသင်းဝင် ဦးတင်လှိုင်က အမှတ်တရလက်ဆောင်များနှင့် ဘဏ္ဍာရေးမှူး ဒေါ်ခင်တင့်တို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၈

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)၏ (၃၂)ကြိမ်မြောက်၊ အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွားများအား သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဧပြီ ၁၇ရက် နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ၂၀၀၄ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသူ ကျောင်းသားများနှင့် ၂၀၀၄ခုနှစ် မွန်စာပေသင်တန်းတွင် ဆုရရှိသော ကျောင်းသူ ကျောင်းသားများအား ဂုဏ်ပြုဆု ချီးမြှင့်မည်ဖြစ်ပါ၍ နိုင်ကျော်လင်း-မိအေးညို၊ မွန်ဓမ္မာရုံ၊ ဖုန်း-၃၇၅၅၉၀ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဧပြီ ၈

၂၀၀၅ခုနှစ် ဧပြီလ ၈ ရက်နေ့ မြန်မာစံတော်ချိန် ၀၂နာရီ ၃၈မိနစ် ၄၇စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၃၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

စည်းကမ်းရှိရှိ စိတ်ဓာတ်ကောင်းကောင်း လမ်းကြောင်းမှန်မှန်ဖြင့်

တက္ကသိုလ်လှမောင်

ကားဟွန်းမတီးရ နယ်မြေများသတ်မှတ်၍ စည်းကမ်းလုပ်လိုက်စဉ်က ကျွန်တော်တို့တစ်တွေ ဆန္ဒစောပြီး အမြင်မကြည်မလင်ဖြစ်ခဲ့မိသည်။ 'အန္တရာယ်ရှိရင်တော့ မတီးလို့ဘယ်ဖြစ်မှာလဲကွာ'ဟု ဆင်ခြေပေးခဲ့ကြသည်။ အခုတော့လည်း ယာဉ်ကြောတွေမှာ ကားဟွန်းသံတွေတိတ်လို့၊ တယ်ဟုတ်နေပါလား။ အလေ့အကျင့်တစ်ခုဆိုသည်မှာ အသားမကျခင်တော့ ကသိကအောက် ဖြစ်ရမည်မှာ ဓမ္မတာပါပဲ။ ပြုပြင်လိုက်တော့လဲ ကောင်းသွားတာပါပဲ။ လူကြီးသူမများ၏ ပျက်အစဉ်ပြင်ခဏ ဆိုသည့်စကားရပ်သည် လွန်စွာမှန်ကန်လှပါသည်။ အနှစ်သာရရှိလှပါသည်။

ခက်နေသည်က ကျွန်တော်တို့တွင် ပျက်နေသည်ကို ပြင်ချင်စိတ်မရှိခြင်းက ခက်နေပါသည်။ ဒီထက် ပိုဆိုးသည်က ပျက်နေသည်ကို ပျက်နေမှန်းမသိခြင်းပင်။ အဆိုးဆုံးမှာတော့ ထိုပျက်နေမှုကိုပင် အပျက်မှန်းမသိသည့်အပြင် အကောင်းထင်နေခြင်းပင် ဖြစ်ပါသည်။

လောကနီတိမှာ ဘာဆိုထားလဲဆိုတော့ လူမိုက်သည် သူ့ကိုယ်သူ ပညာရှိဟုထင်နေလျှင် လူမိုက်အစစ်ဖြစ်၏။ လူမိုက်သည် သူ့ကိုယ်သူ လူမိုက်မှန်းသိနေလျှင်ပင် ပညာရှိဟုဆိုရသေး၏။ ဆိုနိုင်သေး၏။ ဆိုကောင်းသေး၏။ ထို့ကြောင့် မိမိတို့၏ အားနည်းချက်နှင့် ဟာကွက်ကိုသိရှိနေရန် အရေးကြီးပါသည်။ သမ္မာဒိဋ္ဌိဆိုသည့် အယူမှန်ဖို့၊ လမ်းကြောင်းတည့်ဖို့ကိစ္စက များစွာအရေးကြီးလှသည်။ ကျွန်တော်တို့သည် အယူတွေမမှန်လို့၊ အယူတွေလွဲနေကြလို့ ဒုက္ခရောက်နေကြခြင်းဖြစ်ပါ၏။

အယူမှန်ရန် အသိတရားမှန်ဖို့ လိုပြန်ပါသည်။ ကိုယ့်ကိုယ်ကိုတော့ 'ငါသိငါတတ်' သိတယ်ဟု ထင်နေတတ်ကြသည်။ သို့သော်တကယ်သိပါသလား။ ဒေါသသည်မကောင်းကြောင်း၊ လောဘသည် မကောင်းကြောင်း၊ မနာလိုဝန်တိုမှုများသည်မကောင်းကြောင်း၊ အဆိုးမြင်ခြင်းများသည် မကောင်းကြောင်း သိနေကြပါသည်။ သိသည့်အတိုင်းသာ ကျင့်ကြံနိုင်ကြရင်တော့ အဘယ်ဆိုဖွယ်ရာ ရှိပါတော့မည်နည်း။

ထို့ကြောင့် **အသိဆိုသည့် အသိကို ကျွန်တော်တို့ ပြန်ဆန်းစစ်ဖို့ လိုလာပါသည်။ 'သိ'ဟု ဆိုရာ၌ စာသိပေသိ သုတသိဖြင့်မရပေ။ တွေးတောဆင်ခြင်သဘောကျ၍ သိသောစိတ်သိဖြင့်လည်းမရပေ။ အမှန်တကယ် မျက်တွေ့လက်တွေ့၊ ဘဝသိ ခန္ဓာသိမှသာ ဇောန်သိ အမှန်သိဟုဆိုရပါမည်။** သမ္မာသက်ပွကို ထပ်ခါထပ်ခါ ပွားများအားထုတ်နေမှ သမ္မာဒိဋ္ဌိဖြစ်ပါမည်။ သမ္မာဒိဋ္ဌိ၏ နောက်ကွယ်မှာ သမ္မာသက်ပွ တွဲကပ်၍ လိုက်ပါနေသည်။ သမ္မာသက်ပွရှိမှ သမ္မာဒိဋ္ဌိရှိမည်။ အယူမှန်၏ နောက်ကွယ်မှာ အတွေးအကြံမှန်တို့ ကပ်လျက်လိုက်ပါနေသည်။ **အတွေးအကြံမှန်မှ အယူမှန်မည်။ တလွဲတချော်တွေသာ တွေးကြံနေကြရင် အယူတွေမှားမည်။ အယူတွေ လွဲချော်မှားယွင်းနေလို့ကတော့ အလုပ်တွေလည်း ကမောက်ကမဖြစ်ပြီ။ ဒီတော့ တစ်သိထဲသိနေအောင် မှန်ကန်တဲ့ အသိလေးတွေ ဆက်နေအောင် အားထုတ်မှ စွဲမြဲသောအသိဖြစ်ပြီး၊ ဖောက်ပြန်မှု၊နှောင့်ယှက်မှုတို့မှ ကင်းဝေးပါမည်။ အမှန်တွေးကြမှ အမှန်စခန်းရောက်နိုင်ပါသည်။ အဆိုးမြင် တွေရှိနေသမျှ၊ အပြစ်တင်၊ အပြစ်မြင်မှုတွေရှိနေသမျှ အမှန်စခန်းမရောက်နိုင်ပါ။**

အသိဆိုသည် သိရုံသာမဟုတ် ဘဝထဲရောက်မှ အသိအစစ်အမှန် အသိဉာဏ်ဟု ခေါ်နိုင်သည်။ အသိသည် ဉာဏ်နှင့်တွဲမှ၊ အသိကို နက်နက်နဲနဲ ထဲထဲဝင်ဝင် မမိုတ်မသုန် ယုံကြည်မှ၊ အသိကို သတိအမြဲကပ်ထားမှ ဘဝဆိုတာ လက်တွေ့ကျပါသည်။ အသိတစ်ခု ဘဝထဲရောက်မှ လက်တွေ့ကျလာပါမည်။ လက်တွေ့ကျင့်ကြံအားထုတ်ပွားများမှ အသိတို့၏ အကျိုးတရားများ ပေါ်ထွန်းလာမည်ဖြစ်သည်။ ဘဝဆိုတာကတော့ လက်တွေ့ပြသနေသည်။ မကောင်းတာလုပ်မလား မကောင်းတာကိုပြမည်။ ကောင်းတာလုပ် ကောင်းတာကိုပြမည်။ ဘဝဆိုတာ ကြေးမုံရိပ်သွင် မှန်ပြင်လိုပါပဲ။ ရယ်ပြမည်၊ ငိုပြမည်။ မိမိလုပ်သလို ဘဝကလိုက်ဖြစ်နေ၊ ပြနေမည်သာတည်း။

စာတွေတတ်ပြီး မိုက်နေကြသူတို့သည် အသိကိုဘဝထဲအရောက် မပို့ဆောင်နိုင်ကြသူများဖြစ်ပါ၏။ ဘာသာတရားမှာလည်း ပိဋကတ်သုံးပုံ အလုံးစုံတတ်သော်လည်း အကျွတ်တရားမရနိုင်သူများရှိနေခဲ့ပါသည်။ ထို့ကြောင့် စာပေကပေးသောအသိ၊ လူကပေးသောအသိထက် ဘဝပေးအသိ၊ လက်တွေ့ပေးအသိက တန်ဖိုးကြီးလှသည်။

အသိတွေကြည်လင်၊ အမြင်တွေပီပြင်လာပြီဆိုရင်တော့ ကျွန်တော်တို့သည် စည်းကမ်းရှိသူများ၊ ယဉ်ကျေးသူများဖြစ်လာပါပြီ။ ဘာသာတရားတိုင်းတွင် လူတွေကို ယဉ်ကျေးအောင်ဆုံးမသွန်သင်ထားပါသည်။ မြတ်ဗုဒ္ဓ၏ အနုတ္တရောပုရိသဓမ္မသာရထိ ဂုဏ်တော်သည် မယဉ်ကျေးသူများကို ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်သော ဂုဏ်တော်ဖြစ်ပါသည်။ မြတ်စွာဘုရားကိုယ်တော်တိုင်သည်ပင် ကိုယ်ယဉ်ကျေးမှု၊ နှုတ်ယဉ်ကျေးမှု၊ စိတ်ယဉ်ကျေးမှု အားလုံးနှင့် ပြည့်စုံတော်မူသည့် အယဉ်ကျေးဆုံးသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးဖြစ်နေပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်နေကြသော မြန်မာနိုင်ငံသည်လည်း ကမ္ဘာတွင် အယဉ်ကျေးဆုံးသော နိုင်ငံတစ်ခုဖြစ်ကိုဖြစ်ရပါမည်။

ကိုယ် နှုတ် နှလုံးသုံးပါးစလုံးကို ယဉ်ကျေးအောင် ထိန်းသိမ်းထားနိုင်သော နိုင်ငံသားများအဖို့ စည်းကမ်းအကောင်းဆုံးလည်းဖြစ်နေပါလိမ့်မည်။ အကြောင်းမူ ကိုယ်အပြု၊နှုတ်အပြော၊ စိတ်အတွေးများကောင်းနေသမျှ စည်းကမ်းဆိုသည်မှာလည်း မလိုအပ်တော့လောက်အောင်ပင် ကောင်းနေတော့မည်သာ ဖြစ်ပါသည်။ စည်းကမ်းဖောက်ခြင်းဆိုသည်မှာ ကာယကံမြောက်၊ ဝစီကံမြောက် ကျူးလွန်လိုက်ခြင်းဖြစ်သည်။ စိတ်ကလှုံ့ဆော်လိုက်လို့ ကိုယ်နှုတ်တို့ဖြင့် ကျူးလွန်လိုက်ခြင်းဖြစ်ရကား စိတ်ကောင်းနှလုံးကောင်းရှိဖို့ ပထမအရေးကြီးပါသည်။ နှလုံးသွင်းကောင်းဖို့ ဘာသာတရားအဆုံးအမများတွင် ရှိပြီးသား။ နှလုံးသွင်းကောင်းခြင်း၊ စည်းကမ်းထိန်းနိုင်ခြင်းဆိုသည်မှာလည်း ဟီရိသြတ္တပ္ပ ဆိုသည့် အရှက်၊ အကြောက်တရားနှစ်ပါးပေါ်တွင် တည်နေပေသည်။ စည်းကမ်းဖောက်ရမှာရှက်ခြင်း၊ စည်းပျက်ကမ်းပျက်ဟု အပြောခံရမှာ ကြောက်ခြင်း၊ အလကား စည်းမဲ့ကမ်းမဲ့အထင်ခံရမှာ ထိတ်လန့်ခြင်းတို့ဖြစ်ပါသည်။ ထို့ကြောင့် အရှက်အကြောက်တရားဆိုသည့် ဟီရိသြတ္တပ္ပ တရားနှစ်ပါးသည် ကမ္ဘာ့လူသားများကို ထိန်းသိမ်းထားသော ကမ္ဘာထိန်းတရား၊ လောကပါလ တရားနှစ်ပါးဟု ဆိုသင့်ဆိုအပ်လှတော့၏။

ကျွန်တော်တို့ ဘာတွေကိုရှက်ရမှာလဲ၊ ဘာတွေကိုကြောက်ရမှာလဲ၊ ဘယ်လိုစည်းကမ်းတွေကို ထိန်းသိမ်းရမှာပါလဲ။ ကျွန်တော်တို့သည် စည်းကမ်းရှိသောနိုင်ငံတော်ကြီးဆီသို့ ချီတက်နေပါသည်။ ကျွန်တော်တို့၏ လူ့ဘောင်အဖွဲ့အစည်းကို စည်းကမ်းရှိသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော အဖွဲ့အစည်းကြီးဖြစ်လာအောင် တည်ဆောက်နေပါသည်။ ကျွန်တော်တို့ကို တဲပေါ်မှတိုက်ပေါ်သို့ရောက်အောင် မြှင့်တင်ပေးနေချိန်တွင် ကျွန်တော်တို့ကလည်း တဲပေါ်နေခဲ့တုန်းက စိတ်ဓာတ်တွေဖျောက်ပြီး တိုက်ပေါ်က အဆင့်မြင့်မြင့် စိတ်ဓာတ်မျိုးတွေ ရောက်ရပါမည်။ ရုပ်ပစ္စည်းဖွံ့ဖြိုးမှုနှင့် စိတ်နေစိတ်ထားမြင့်မားမှုတို့သည် အချိုးညီတိုးတက် သွားရပါမည်။ ရုပ်ပစ္စည်းတွေတိုးတက်လာမှုကို စိတ်အခြေအနေမြင့်မားမှုက အမီလိုက်ရပါမည်။

ကိုယ် နှုတ် နှလုံးသုံးပါးစလုံးကို ယဉ်ကျေးအောင် ထိန်းသိမ်းထားနိုင်သော နိုင်ငံသားများအဖို့ စည်းကမ်းအကောင်းဆုံးလည်းဖြစ်နေပါလိမ့်မည်။ အကြောင်းမူ ကိုယ်အပြု၊ နှုတ်အပြော၊ စိတ်အတွေးများကောင်းနေသမျှ စည်းကမ်းဆိုသည်မှာလည်း မလိုအပ်တော့လောက်အောင်ပင် ကောင်းနေတော့မည်သာ ဖြစ်ပါသည်။ စည်းကမ်း ဖောက်ခြင်းဆိုသည်မှာ ကာယကံမြောက်၊ ဝစီကံမြောက် ကျူးလွန်လိုက်ခြင်းဖြစ်သည်။ စိတ်ကလှုံ့ဆော်လိုက်လို့ ကိုယ်နှုတ်တို့ဖြင့် ကျူးလွန်လိုက်ခြင်းဖြစ်ရကား စိတ်ကောင်း နှလုံးကောင်းရှိဖို့ ပထမအရေးကြီးပါသည်။ နှလုံးသွင်းကောင်းဖို့ ဘာသာတရားအဆုံးအမများတွင် ရှိပြီးသား။ နှလုံးသွင်းကောင်းခြင်း၊ စည်းကမ်းထိန်းနိုင်ခြင်း ဆိုသည်မှာလည်း ဟီရိသြတ္တပ္ပဆိုသည့် အရှက်၊ အကြောက်တရားနှစ်ပါးပေါ်တွင် တည်နေပေသည်။

အချို့နိုင်ငံကြီးများတွင် ရုပ်ပစ္စည်းဖွံ့ဖြိုးမှုကို စိတ်အခြေအနေမြင့်မားမှုက အမီမလိုက်နိုင်၊ အချိုးမညီ ဖြစ်နေသောအခါ တိုးတက်သည်ဟုမပြောနိုင်ဘဲ ကျဆုံးပျက်စီးခြင်းများနှင့်သာ ကြုံနေရသည်။ ထို့ကြောင့် တိုင်းပြည်တိုးတက်မှုဆိုသည်မှာ ရုပ်ပစ္စည်းတစ်ခုတည်း တိုးတက်နေ၍မရပါ။ စိတ်ကောင်းစေတနာကောင်းတွေ၊ ကိုယ်ကျင့်တရားတွေ၊ စည်းကမ်းတွေပါတိုးတက်လာမှ တိုးတက်ဖွံ့ဖြိုးမှုအစစ်အမှန်ဟု ပြောနိုင်ပါမည်။

ရှေးအခါက ကျွန်တော်တို့ကို မြန်မာတွေစည်းကမ်းဖောက်လို့ ထီးနန်းပျောက်ခဲ့ရသည်ဟု အစွပ်စွဲခံခဲ့ ရပါသည်။ ထိုစွပ်စွဲချက်မှန်– မမှန်ကျွန်တော်တို့ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်ကြည့်ဖို့ လိုပါသည်။ တကယ်တော့ တစည်းတလုံးတည်း စည်းကမ်းတကျရှိနေခဲ့ပါလျှင် ကျွန်တော်တို့ကို မည်သို့သော အနှောင့်အယှက်ပယောဂမျှ ဝင်ပူးနိုင်မည်မဟုတ်ပါ။ **ကျွန်တော်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ တစည်းတလုံးတည်း ကြိုးပမ်းအားထုတ်မှုကြောင့် ကျွန်တော်တို့ ယနေ့ကာလ၌ လွတ်လပ်ရေး၏ အရသာကို ခံစားနေရခြင်းဖြစ်သည်။ ကျွန်တော်တို့ စည်းကမ်းတွေဆက်ထိန်းမှ လွတ်လပ်ရေးကြီးအဓွန့်ရှည်တည်တံ့မည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းကမ်းတကျရှိနေမှ နိုင်ငံတော်ကြီး အင်အားခိုင်မာတောင့်တင်းမည်။**

စည်းကမ်းဆိုသည်မှာ အသေးအမွှားကအစ ထိန်းရပါမည်။ ကျွန်တော်တို့ ဘယ်သို့သော စည်းကမ်းတွေကို ထိန်းရပါမည်နည်း၊ ကျွန်တော်တို့ အစားအသောက်၊ အဝတ်အဆင်၊ အနေအထိုင်၊ အပြုအမူအပြောအဆို၊ အတွေးအကြံတို့ကအစ စည်းကမ်းရှိရမည်။ တစ်နည်းဆိုရသော် ကိုယ်အပြု၊ နှုတ်အပြော၊ စိတ်အကြံမှန်သမျှ စည်းကမ်းရှိရမည်။ စည်းကမ်းရှိခြင်းသည် ယဉ်ကျေးခြင်းလည်းမည်ပါ၏။ အမျိုးသားယဉ်ကျေးမှုကို စောင့်ထိန်းခြင်းလည်းဖြစ်ပါသည်။ ကျွန်တော်တို့ အစားအသောက်တွေမှာ စည်းကမ်းရှိပါသလား၊ ဝတ်စားဆင်ယင်မှုတွေမှာရော အမျိုးသားယဉ်ကျေးမှုနှင့် ကိုက်ညီပါသလား၊ အနေအထိုင် အပြုအမူ အပြောအဆိုတွေမှာရော၊ နောက်ပြီး အတွေးမှန်မှ အလုပ်မှန်မည်ဖြစ်သဖြင့် ကျွန်တော်တို့ တွေးနေတာတွေ၊ ကြံစည်နေတာတွေကအစ ပြန်ဆန်းစစ်ကြည့်ဖို့ လိုအပ်ပါသည်။

တကယ်တော့ ကျွန်တော်တို့ နေ့စဉ်နှင့်အမျှ အလုပ်လုပ်ကိုင်နေကြသည်မှာ စားဝတ်နေရေးအတွက်ပင် ဖြစ်ပါသည်။ ထိုအရေးများတွင် စည်းကမ်းရှိစေချင်ခြင်းသာ ဖြစ်ပါသည်။ စားဝတ်နေထိုင်မှုတိုင်းမှာ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာတွေ ရှိနေပါသည်။ ဝတ်စားနေထိုင်မှုတို့ကို မြန်မာ့ယဉ်ကျေးမှုဆိုသည့် ပေတံဖြင့်သာ တိုင်းရပါမည်။ အရိုးကို အရွက်မဖုံးစေရပါ။ မြေမျိုး၍ လူမျိုးမပျောက်ပါ။ ယဉ်ကျေးမှု အမျိုးခံရမှ နိုင်ငံရော၊ လူမျိုးပါ စုံးစုံးနစ် ပျောက်ကွယ်သွားမည်ဖြစ်ရာ မည်မျှနစ်နာဆုံးရှုံးလိုက်ပါမည်နည်း။

ယခုအခါတွင် ကျွန်တော်တို့၏ ယဉ်ကျေးမှုနှင့် မကိုက်ညီသော အဝတ်အဆင်၊ အစားအသောက်၊ အနေအထိုင်၊ အပြုအမူများကို ပြန်လည်ဆန်းစစ်ပြုပြင်သင့်ပြီဖြစ်သည်။ မြန်မာလေးများ၊ မြန်မာမလေးများ ဝတ်စားဆင်ယင်ရာတွင် ယဉ်ကျေးမှုပြဒါးတိုင်ဖြင့်တိုင်း၍ ဆင်ယင်သွားလျှင် မည်မျှကောင်းလေစွနည်း။ ဈေးကွက်ကို အပြစ်တင်ရန်မဟုတ်ပါ။ ဈေးကွက်ကတော့ အကျိုးအမြတ်ရအောင်၊ ရောင်းအားကောင်းအောင် ဆွဲဆောင်ကြော်ငြာကြမှာပါပဲ။ ကျွန်တော်တို့ကသာ မြန်မာ့ယဉ်ကျေးမှု ပေတံနဲ့တိုင်းပြီး ချင့်ချိန်ရမှာဖြစ်သည်။ ရှေးအခါက မြန်မာကုမ္ပာရီအမျိုးသမီးများ ရိုးရာဓလေ့ဝတ်ဆင်မှုဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ဖော်ထုတ်ပြသခဲ့ဖူးသည်ကို မေ့ထား၍မဖြစ်ပါ။

အစားအသောက်များ အမျိုးမျိုးဆန်းကြယ်မှုကြောင့် ရောဂါမျိုးစုံတို့ ဖြစ်ပေါ်ရသည်။ စည်သွတ်ဘူးများ၊ စက္ကူဘူးများ၊ အသင့်စားသုံးနိုင်သော အထုပ်များကို တာရှည်ခံအောင်လုပ်ရသည့်အခါ ဓာတုဗေဒပစ္စည်းများသုံးရသည်။ အရသာ ပိုရှိအောင်လည်း ဓာတုပစ္စည်းအကူအညီယူရသည်။ လတ်လတ်ဆတ်ဆတ်တွေမဟုတ်တော့။ ဓာတ်အပြောင်းအလဲတွေဖြစ်ကုန်၏။ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ အရိုးအဆစ်အာရုံကြောရောဂါတွေ အဖြစ်များလှ၏။ လစ်ပိုနဲ့ ကျွဲရိုင်းဘူးတွေသောက်လို့ ဆေးရုံတက်ရောက်ကုသရကြောင်း ရုပ်မြင်သံကြားမှာ ကြည့်လိုက်ရသည်။ ဒီလိုဘူးတွေနဲ့လာတာ၊ ပုလင်းနဲ့လာတာ၊ အထုပ်နဲ့လာတဲ့ အစားအစာတွေကို သူတို့နိုင်ငံမှာ Junk Food လို့ခေါ်ကြောင်း၊ Junk ဆိုသည်မှာ Cheap and worthless အသုံးမကျသော အချည်းနှီး အစားအစာတွေ ဖြစ်ကြောင်း၊ စွန့်ပစ်တဲ့ပစ္စည်းအမှိုက်ဖြစ်ပြီး တကယ့် Real Food မဟုတ်ဘဲ ကောင်းတဲ့ပစ္စည်းလို့ထင်ရအောင် လှည့်စားထားတဲ့ အစာတုတွေဖြစ်ကြောင်း စာအုပ်တစ်အုပ်မှာ ဖတ်လိုက်ရသည်။ အချိုမှုန့်လည်း ထိုနည်းလည်းကောင်းပင်။ အချိုမှုန့်ထုတ်လုပ်သည့်နိုင်ငံမှာ မစားသုံးဘဲ ဒီမှာဈေးကွက်လာဖြစ်နေသည်။ ကျွန်တော်တို့ အစားအသောက်တွေမှာလည်း စည်းကမ်းရှိဖို့ အချိန်တန်နေပေပြီ။

အနေအထိုင်၊ အပြုအမူများနှင့် ပတ်သက်၍လည်း မြန်မာ့ယဉ်ကျေးမှုမျက်နှာစာမှ ပြန်လည်ဆန်းစစ်ကြည့်မြင်သင့်သည်။ ကွမ်းတွေကို စည်းမဲ့ကမ်းမဲ့စားနေကြပြီး ကွမ်းတံတွေးတွေ တပြစ်ပြစ်နှင့် ထင်ရာထွေးနေမှု မပြုသင့်ပေ။ ရှေးအခါက မြန်မာကြီးများသည် ကွမ်းစားလျှင် ထွေးခံထဲမှာသာ ထွေးကြသည်။ နန်းတော်တိုင်ကို ထုံးသုတ်မိ၍ ကိုယ်တိုင်လက်ညှိုးကိုဖြတ်ပစ်ကာ စည်းကမ်းနမူနာပြခဲ့သည်။ ကွမ်းစားခြင်းသည် ခံတွင်းကင်ဆာဖြစ်တတ်ကြောင်း ရုပ်မြင်သံကြားဖန်သားပြင်မှလည်း သတိပေးနေသည်။

အမှိုက်များကိုလည်း ထင်သလို ပစ်ချင်နေကြသည်။ စည်းကမ်းနှင့်အမှိုက်ပစ်ပါလျှင် မည်မျှကောင်းလိုက်လေမည်နည်း။ **တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လိုလျှင် ကျွန်တော်တို့၏ အပြုအမူအနေအထိုင်များလည်း အဆင့်နိမ့်ကျန်ခဲ့၍ မဖြစ်ပေ။ ရေမြင့်လျှင်ကြာတင့်သလို အမီလိုက်၍ ပြုပြင်နိုင်မှ လိုက်လျော ညီထွေဖြစ်ပြီး အဆင့်မြင့်သော နိုင်ငံတော်ဖြစ်လာနိုင်ပါသည်။**

စိတ်ဓာတ်မြင့်မားရေးနှင့်ပတ်သက်၍လည်း တင်ပြလိုပါသည်။ တိုင်းပြည်တိုးတက်လာသည်နှင့်အညီ အသိပညာရှင်၊ အတတ်ပညာရှင်တို့လည်း ပေါ်များလာမည်။ စိတ်ဓာတ်အခြေအနေမမြင့်မားပါလျှင် ထိုပညာရပ်များသည် လူတွေကို အန္တရာယ်ပြန်ပေးနိုင်ပါသည်။ ဒုတိယကမ္ဘာစစ်တွင် ဟီရိုရှီးမားမြို့ပေါ် အဏုမြူဗုံးဖောက်ခွဲမှုကြောင့် လူပေါင်းများစွာ သေကျေအသွန့်တုံးခဲ့ရခြင်း ဖြစ်ရပ်သည် အသိပညာ၊ အတတ်ပညာတို့၏ ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်သာဓက များဖြစ်ပါသည်။ အတတ်ပညာရှင်များအနေဖြင့် စိတ်ဓာတ်မြင့်မားစွာဖြင့် စိတ်ကောင်းစေတနာကောင်းထားမှ လူသားများအတွက် အကျိုးကျေးဇူးဖြစ်ထွန်းနိုင်ပါမည်။

အမျိုးသားညီလာခံမှာ ဆွေးနွေးနေကြသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းရေးဆိုသည်မှာလည်း ဥပဒေဆိုင်ရာ၊ တရားစီရင်ရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ကျွန်တော်တို့၏ စည်းကမ်းစာအုပ်ကြီးဟုပင် ဆိုချင်ပါသည်။ ကျွန်တော်တို့သည် ချမှတ်ထားသော စည်းကမ်းဥပဒေတို့ကို လေးစားလိုက်နာသွားရပါမည်။ စည်းကမ်းလိုက်နာမှ နိုင်ငံတိုးတက်ပါမည်။ သမဂ္ဂါနံ တပေါ သုခေါ တညီတညွတ်တည်း စည်းကမ်းတကျဖြစ်နေပါလျှင် မည်မျှချမ်းသာ လိုက်လေမည်နည်း။ ဒီမိုကရေစီဆိုရာတွင်လည်း စည်းပျက်ကမ်းပျက် ဒီမိုကရေစီကို မလိုလားအပ်၊ စည်းကမ်းရှိသော ဒီမိုကရေစီနိုင်ငံတော်သာဖြစ်သင့်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ပြုပြင်သင့်တာတွေပြုပြင်၊ တီထွင်သင့်တာတွေကိုလည်း တီထွင်၍မြန်မာ့ယဉ်ကျေးမှုဆိုသည့် ပေတံနှင့်တိုင်းကာ အရိုးကို အရွက်မဖုံးအောင် နေထိုင် ပြုမူသွားကြ မည်ဆိုပါက ကျွန်တော်တို့နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထာဝရ တင့်တယ်ဝင့်ထည်စွာ ရပ်တည်သွားနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေး ဆီအုန်းနှင့်ရော်ဘာတိုးချဲ့စိုက်ပျိုးရေး တာဝန်ရှိသူများအားမှာကြား

☆ ရှေ့ဖုံးမှ

ဆောက်လုပ်နေမှုနှင့် ဆောက်လုပ်ပြီး အဆောင်များကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင် ထားဝယ်မြို့နယ် ရှင်မုတ္တီးကျေးရွာရှိ ရှင်မုတ္တီးဘုရားသို့ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားမှုများနှင့် မောင်းမကန်ကမ်းခြေ၏ သာယာလှပမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသ၌ ဆီအုန်းနှင့်ရော်ဘာ တိုးချဲ့စိုက်ပျိုးရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

သွားရောက်ကြပြီး ပန်း၊ ဆီမီး၊ နံ့သာတို့ဖြင့်ပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ရှင်မုတ္တီးဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ကလိန်အောင်မြို့

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၇ရက် နံနက် ၉နာရီတွင် ထားဝယ်မြို့မှ ရေဖြူမြို့နယ် ကလိန်အောင်မြို့ရှိ ဆုတောင်းပြည့် ဆံတော်ရှင်စေတီတော်သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စေတီတော်စောင်းတန်းမှ ကလိန်အောင်မြို့နှင့် ပတ်ဝန်းကျင်ဒေသ အခြေအနေများကို ကြည့်ရှုပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆုတောင်းပြည့်ဆံတော်ရှင်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဆုတောင်းပြည့် ဆံတော်ရှင် စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆုတောင်းပြည့် ဆံတော်ရှင်စေတီတော်မှ လောင်းလုံးမြို့နယ် မောင်းမကန်သို့ရဟတ်ယာဉ်များဖြင့်ထွက်ခွာခဲ့ကြပြီး လမ်းတစ်လျှောက်ရှိ ဆီအုန်း၊ ရော်ဘာ စိုက်ခင်းများ၊ ဒေသစိမ်းလန်းစိုပြည်မှုအခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုကြသည်။

မောင်းမကန်ကမ်းခြေ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မောင်းမကန်ကမ်းခြေသို့ရောက်ရှိကြပြီး မောင်းမကန်ကမ်းခြေ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မွန်းလွဲပိုင်းတွင် ထားဝယ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထားဝယ်မြို့ ဖွံ့ဖြိုးတိုးတက်ရေး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ထိုမှတစ်ဆင့် ထားဝယ်ဘူတာသို့ ရောက်ရှိစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ထားဝယ်ဘူတာ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရေး-ထားဝယ် ရထားပြေးဆွဲမှုနှင့် ရထားလမ်းအခြေအနေ၊ ဆက်လက်တိုးချဲ့ပြေးဆွဲမည့်ရထား အစီအစဉ်၊ သံလွင်မြစ်ကူး(မော်လမြိုင်)တံတား၌ ရထားတံတားတည်ဆောက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ထားဝယ်မြို့နယ် ရှင်မုတ္တီးကျေးရွာရှိ ရှင်မုတ္တီးဘုရားအား ပန်း၊ ဆီမီး၊ နံ့သာတို့ဖြင့် ပူဇော်ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စောထွန်းက သံလွင်တံတား၊ ရထားပိုင်းဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံ

ထို့နောက် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ထားဝယ်တပ်နယ် အောင်ဆန်းခန်းမသို့ ကြွတင်သွားရောက်၍ ထားဝယ်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့်မိသားစုများ၊ ထားဝယ်ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် မိသားစုက ရေဖြူမြို့နယ် ကလိန်အောင်မြို့ရှိ ဆုတောင်းပြည့်ဆံတော်ရှင်စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
မောင်းမကန်ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားမှုများနှင့်
ကမ်းခြေ၏ သာယာလှပမှုများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ရေမြေရာသီဥတု သယံဇာတအခြေအနေအရ တနင်္သာရီတိုင်းသည် နိုင်ငံေ
တိုးတက်ဖွံ့ဖြိုးသော တိုင်းကြီးဖြစ်ရေးနှင့် ပြည်သူတို့၏ လူနေမှုအဆင့်အတန်းမြင့်

ဖူးမြော် ကြည်ညို

**နိုင်ငံတော် အေးချမ်းသာယာ
ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော် ကာကွယ်ရေးဦးစီ
ချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ရေဖြ
မြို့နယ် ကလိန်အောင်မြို့ရှိ
ဆုတောင်းပြည့် ဆံတော်ရှင်
စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်
အား ဆွမ်း၊ သစ်သီး၊ ရေချမ်း
ပန်း၊ ဆီမီးများ ဆက်ကပ်
လှူဒါန်းပြီး ဖူးမြော်ကြည်ညို
စဉ်။**

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး
ာင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ဆွေးနွေးမှာကြားရာ၌
နင်္သာရီတိုင်းခရီးစဉ်အဖြစ် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သည့်
တို့အဖွဲ့ ထားဝယ်မြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်း
တွင်း လှည့်လည်သွားလာရာတွင် ဒေသအလိုက် သူ့နည်းသူ့ဟန်ဖြင့်
ိုးတိုးတက်နေသည်ကို တွေ့ရကြောင်း၊ ထားဝယ်ဒေသသည်
င်တော်၏ ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုတွင် ပါဝင်သည့် ဒေသတစ်ခု
ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်ဖြင့်
ဏ္ဍအလိုက် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အနေဖြင့် ပံ့ပိုးဖြည့်ဆည်း
းပြီးဖြစ်ကြောင်း။

စည်းလုံးညီညွတ်

ထားဝယ်ဒေသအပါအဝင် တနင်္သာရီတိုင်းကဲ့သို့ပင် အခြား
ည်နယ်၊ တိုင်းများသည်လည်း အလားတူ ဖွံ့ဖြိုးတိုးတက်လျက်
ကြောင်း၊ ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာခြင်းမှာ နိုင်ငံတော်၊ ပြည်သူနှင့်
ပ်မတော် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့၍ ဖြစ်ကြောင်း။
၁၉၈၈ခုနှစ်တုန်းက နိုင်ငံတော်၏နိမ့်ကျခဲ့သည့် အခြေအနေအရပ်
နှင့် ယနေ့ ဖွံ့ဖြိုးတိုးတက်နေသည့်အခြေအနေတို့သည် သိသာထင်ရှား
ကွာဟနေပြီဖြစ်ကြောင်း။
တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း နားလည်မှု၊
ပေါင်းမှု ရယူနိုင်ခဲ့သည်နှင့်အမျှ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု
ည် တိုးတက်ခိုင်မာလာရပြီ ဖြစ်ကြောင်း။

ဒေသအနှံ့တိုးတက်

တစ်ချိန်တည်းမှာပင် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်
တစ်ပြိုင်တည်း မျှတစွာ ဖွံ့ဖြိုးလာရေးအတွက် ဖွံ့ဖြိုးရေးဒေသဆိုင်ရာ
ကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး
ပ်ငန်းအစီအစဉ်တို့ကို ချိတ်ဆက် အကောင်အထည်ဖော်လျက်ရှိရာ
နေ့နေရာဒေသအနှံ့၌ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို မျက်ဝါး
င်ထင် မြင်တွေ့နေရပြီဖြစ်ကြောင်း။
ဤသို့သော အခြေအနေ၌ နိုင်ငံ့ဝန်ထမ်းများသည် ဒေသခံပြည်သူ
နှင့် တစ်သားတည်း နေထိုင်ကျင့်ကြံ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်
ဌာန၏လုပ်ငန်းများကို အားကြိုးမာန်တက် ဖော်ဆောင်ကြစေလို
ာင်း၊ မိမိဌာနအပေါ် တာဝန်ခံမှု၊ နိုင်ငံတော်အပေါ် သစ္စာရှိမှုတို့နှင့်
လဝီရိယအား ပေါင်းစပ်၍ အလုပ်လုပ်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြား
ည်။

လမ်းညွှန်မှာကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်
လွဲ ၁၂နာရီ ၁၅မိနစ်တွင် အောင်ဆန်းခန်းမသို့ ရောက်ရှိလာပြီး
လမ်းညွှန်မှာကြားရာ၌ တနင်္သာရီတိုင်းအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို လေ့လာဆောင်ရွက်ပေးရန်၊ ယင်းသို့ ဆောင်ရွက်ရာ၌ ဒေသခံပြည်သူများနှင့် ပေါင်းစပ်ပြီးလုပ်ကိုင်သင့်သည်များကို မိမိထပ်မံလုပ်ကိုင်ပေးနိုင်ရန်အတွက် မိမိတို့တနင်္သာရီတိုင်းသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

အလားအလာကောင်းများရှိ

ရေမြေရာသီဥတု သယံဇာတအခြေအနေအရ တနင်္သာရီတိုင်းသည် နိုင်ငံတော်အတွက် အဓိကအားထားရသည့် တိုင်းကြီးတစ်တိုင်းဖြစ်နိုင်သည့် အလားအလာကောင်းများရှိပြီးဖြစ်၍ တိုးတက်ဖွံ့ဖြိုးသော တိုင်းကြီးဖြစ်ရေးနှင့် ပြည်သူတို့၏ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် လိုအပ်သည့်အခြေခံများကို မိမိတို့ ဆက်တိုက် တည်ဆောက်ထူထောင်ပေးလျက်ရှိကြောင်း။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်အောင် ကားလမ်းဟောင်းများကို အဆင့်မြှင့်တင်ခြင်း၊ ကားလမ်းသစ်အပြင် ရထားလမ်းသစ်ကိုပါ ဖောက်လုပ်ပေးခြင်း၊ လေယာဉ်ကွင်းသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ ခေတ်မီဆက်သွယ်ရေးစနစ်ဖြစ်ပေါ်လာအောင် ထူထောင်ခြင်း စသည်တို့ကို လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည်သာမက ပညာရေး၊ ကျန်းမာရေးတို့နှင့် စပ်လျဉ်း၍ အခွင့်အလမ်းကောင်းများရရှိအောင် လိုအပ်သည်များကို စီမံထူထောင်ပေးလျက်ရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ထားဝယ်မြို့ ဧည့်ရိပ်သာ၌ ထားဝယ်ခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ထားဝယ်ခရိုင်အတွင်းရှိ ဒေသခံလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

အထောက်အကူပြု

ယင်းကဲ့သို့ နိုင်ငံတော်အပိုင်းက ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံထူထောင်ပေးမှုများသည် နှောင်နှစ်အနည်းငယ်အတွင်းမှာပင် အံဝင်ခွင်ကျ အသားကျပြီး တနင်္သာရီတိုင်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အထောက်အကူပြုသွားစေမှာဖြစ်ကြောင်း။

ခေတ်အဆက်ဆက်၌ လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် တနင်္သာရီတိုင်းသည် ငြိမ်းချမ်းတည်ငြိမ်မှုလည်းမရှိ၊ ငြိမ်းချမ်းတည်ငြိမ်အောင် ထိန်းသိမ်းကာကွယ်နိုင်သည့် အင်အားလည်းမရှိခဲ့ကြောင်း။

တည်ငြိမ်အေးချမ်း

မိမိတို့လက်ထက်မှသာ ငြိမ်းချမ်းတည်ငြိမ်မှု ရရှိအောင်နိုင်ငံရေးအရ၊ ကာကွယ်ရေးအရ လိုအပ်သည်များကို စနစ်တကျလုပ်ကိုင်ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ ယခုအခါ တနင်္သာရီတိုင်းသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအားဖြင့် လိုအပ်နေသော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုရရှိလာပြီဖြစ်ကြောင်း။

တနင်္သာရီတိုင်း၏ သယံဇာတပေါများမှုအခြေအနေနှင့် လူဦးရေအခြေအနေတို့ကို အချိုးချကြည့်ပါက လူဦးရေကနည်းပြီး သယံဇာတကများပြားနေကြောင်း။

အခြေခံကောင်းများထူထောင်

ထို့ကြောင့်အလုပ်လုပ်သူ အချိုးအစား တိုးတက်များပြားလာအောင် စီးပွားရေးအခွင့်အလမ်းကောင်းများနှင့် လမ်းပန်းဆက်သွယ်မှု အခြေခံကောင်းများကို မိမိတို့ ဖန်တီးထူထောင်ပေးလျက်ရှိကြောင်း။

ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရှိ
သည်နှင့်အမျှ တနင်္သာရီတိုင်းသ
တိုးတက်လာမှာဖြစ်ကြောင်း။

အ

တနင်္သာရီတိုင်း ဖွံ့ဖြိုးတို
တိုးတက်ရေးကို ဖော်ဆောင်လု
တပ်မတော် အပြန်အလှန်အမှီ
ဖြစ်ကြောင်း။
နိုင်ငံတော်အစိုးရတစ်ဦး
မဖြစ်ဘဲ ယင်းအင်အားသုံးရပ်
လုပ်ကိုင်ဆောင်ရွက်သွားရမှာဖြ

ကြိုးကြိုးစ

ထို့ကြောင့် အေးချမ်းသာ
စည်းကမ်းပြည့်ဝသော ဒီမိုကရေ
နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတေ
စိတ်ဓာတ်ရှိရှိ၊ ကြိုးကြိုးစားစား
မှာကြားပြီး တပ်မတော်သားများ
ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက
အခမ်းအနားအပြီးတွင်
များသည် လေယာဉ်ဖြင့် ရန်
ညနေပိုင်းတွင် ရောက်ရှိကြသ





သည် နိုင်ငံတော်အတွက် အဓိကအားထားရသည့် တိုင်းကြီးတစ်တိုင်းဖြစ်နိုင်
ဆင့်အတန်းမြင့်မားရေး လိုအပ်သည့်အခြေခံများ ဆက်တိုက်ထူထောင်ပေးလျက်ရှိ

ဖူးမြော် ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ရေဖြူမြို့နယ် ကလိန်အောင်မြို့ရှိ ဆုတောင်းပြည့် ဆံတော်ရှင်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရှိပြီး အလုပ်လုပ်သူဦးရေ များပြားလာသည်နှင့်အမျှ တနင်္သာရီတိုင်းသည် မကြာမီကာလအတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

အမှီသဟဲပြု

တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လုပ်ကိုင်ရာ၌ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် အပြန်အလှန်အမှီသဟဲပြုပြီး ပေါင်းစပ်လုပ်ကိုင်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရတစ်ဦးတည်း အစစ တာဝန်ယူလုပ်ကိုင်နေ၍ မဖြစ်ဘဲ ယင်းအင်အားသုံးရပ် ပေါင်းစည်းသည့်စွမ်းအားဖြင့်သာ လုပ်ကိုင်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ကြိုးကြိုးစားစားလုပ်ကိုင်

ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်ရေး အတွက် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် အားသုံးအားပေါင်းစပ်၍ မျိုးချစ်စိတ်ဓာတ်ရှိရှိ၊ ကြိုးကြိုးစားစား လုပ်ကိုင်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုများ၊ ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများသည် ယနေ့နံနက် ၇နာရီတွင် ထားဝယ်မြို့ ဧည့်ရိပ်သာ၌ ထားဝယ်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ထားဝယ်ခရိုင်အတွင်းရှိ ဒေသခံ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ပဏာမစကားပြောကြား

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပဏာမစကားပြောကြားရာ၌ တနင်္သာရီတိုင်းခရီးစဉ်တွင် မြိတ်မြို့ ရောက်ရှိစဉ် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များအားတွေ့ဆုံ၍ တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ အားထားရသည့် တိုင်းကြီးတစ်တိုင်းဖြစ်လာနိုင်သည့် အလားအလာကောင်းများ တည်ရှိနေပုံ၊ နိုင်ငံတော်၏ စီးပွားရေးအင်အား တောင့်တင်းလာရေးအတွက် ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များ၌ တာဝန်ရှိပုံ၊ အတ္တနှင့်ပရ မျှတစွာ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပုံ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရာ၌ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍအရေးကြီးပုံ၊ တာဝန်ကျေပွန်သော တိုင်းရင်းသား လုပ်ငန်းရှင်များအပေါ် နိုင်ငံတော်က လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များအဖြစ် သဘောထားပုံတို့ကို ရှင်းလင်းလမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ရာ အားလုံးသိရှိပြီးဖြစ်မည်ဟု ယုံကြည်ကြောင်း။

ဖြည့်ဆည်းပေးရန်

ထားဝယ်မြို့သို့ ရောက်ရှိစဉ် ထားဝယ် ဒေသမှ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ လိုအပ် ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ လိုအပ်သည်များကို သိရှိနိုင်ရန် ယခုကဲ့သို့ အချိန်ယူ၍ တွေ့ဆုံခြင်းဖြစ်ကြောင်း။

ထားဝယ်ဒေသသည် ဆီအုန်း၊ ရော်ဘာ၊ သတ္တု၊ ရေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဘက်စုံဆောင်ရွက်နိုင်သည့် ဒေသဖြစ်ကြောင်း၊ အရင်းအနှီးရှိသော တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများသာမက ဒေသအလိုက်ရှိသည့် အလယ်အလတ်နှင့် အငယ်စားလုပ်ငန်းရှင်များ၏ လုပ်ငန်းများ အောင်မြင်ရေးအတွက် ဖြည့်ဆည်းပေးခြင်းအားဖြင့် လုပ်ငန်းရှင်များ၏အကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုး ဖြစ်ထွန်းမည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ဆောင်ရွက်ချက်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ပွင့်ပွင့်လင်းလင်း တင်ပြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆီအုန်းလုပ်ငန်းရှင်၊ ရော်ဘာလုပ်ငန်းရှင်၊ ရော်ဘာသစ်ခွဲသားစက်ရုံ လုပ်ငန်းရှင်၊ ကြက်မွေးမြူရေးလုပ်ငန်းရှင်၊ သုံးဘီးယာဉ်တပ်ဆင်ထုတ်လုပ်ရေးလုပ်ငန်းရှင်၊ မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းရှင်၊ ရေလုပ်ငန်းရှင်၊ သတ္တုလုပ်ငန်းရှင်များက မိမိတို့ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအတွေ့အကြုံများ၊ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိ
ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘ
ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်
ဦးအောင်သောင်း၊ ဗိုလ်မှူးချုပ် မောင်မောင်
ဗိုလ်မှူးချုပ်လွန်းသီ၊ ဗိုလ်ချုပ်ဌေးဦး၊ ဗိုလ်မှူ
သိန်းအောင်နှင့် ဗိုလ်မှူးချုပ်သိန်းဇော်တို့က ထား
ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအ
ပံ့ပိုးဖြည့်ဆည်းနိုင်သည်များကို ရှင်းလင်းပြော
ကြသည်။

ပြန်လည်ရှင်းလင်းမှာကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာ
ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမ
ယခုဆွေးနွေးချက်များသည် တန်ဖိုးရှိပြီး လုပ်င
များ၏အကျိုး၊ ဒေသအကျိုးတို့အတွက် မိမိတို့
က ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပံ့ပိုး
စောင့်ရှောက်သွားမှာ ဖြစ်ကြောင်း၊ နိုင်ငံတေ
စီးပွားရေးတောင့်တင်း ခိုင်မာရေး၊ ဒေသစီ
တိုးတက်လာရေးအတွက် မိမိတို့အားလုံး နားလ
ရှိရှိ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်
ကြရန် ဖြစ်ကြောင်းဖြင့် ပြန်လည်ရှင်းလင်းမှာကြ
တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိ
ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချ
တနင်္သာရီတိုင်းခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက
လာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိ
အသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေ
ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်မောင်မောင်
နှင့် ဗိုလ်ချုပ်သိန်းဆွေတို့သည် ဧပြီ ၇ရက် မွန်းလွဲ
တွင် ထားဝယ်မြို့ရှိ တနင်္သာရီတိုင်း ပြည်ထေ
ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တနင်္သာရီ
ထားဝယ်ခရိုင်နှင့် ထားဝယ်ခရိုင်အတွင်းရှိ မြို့
များမှ တိုင်း၊ခရိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူး
အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ဖြည့်စွက်ရှင်းလင်း

ထိုသို့ တွေ့ဆုံရာတွင် တနင်္သာရီတိုင်း
ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း
နှင့် ခရိုင်အသင်း အတွင်းရေးမှူးတို့၏ ရှင်းလင်းတ
မှုများအပေါ် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

☆ ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ တစ်ပြိုင်တည်း မျှတစွာဖွံ့ဖြိုးလာရေးအတွက်ဖွံ့ဖြိုးရေးဒေသဆိုင်ရာ စီမံကိန်း၊နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်တို့ကို ချိတ်ဆက်အကောင်အထည်ဖော်လျက်ရှိရာ ယနေ့ နေရာဒေသအနှံ့၌ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို မျက်ဝါးထင်ထင် မြင်တွေ့နေရ။

☆ ဤသို့သော အခြေအနေ၌ နိုင်ငံ့ဝန်ထမ်းများသည် ဒေသခံပြည်သူများနှင့် တစ်သားတည်း နေထိုင်ကျင့်ကြံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မိမိဌာန၏လုပ်ငန်းများကို အားကြိုးမာန်တက် ဖော်ဆောင်ကြစေလို ။

☆ မိမိဌာနအပေါ် တာဝန်ခံမှု၊ နိုင်ငံတော်အပေါ် သစ္စာရှိမှုတို့နှင့် လုံ့လဝီရိယအား ပေါင်းစပ်၍ အလုပ်လုပ်ကြ။

စာမျက်နှာ ၉ မှ

ဗဟိုအလုပ်အမှုဆောင် နယ်မြေ တာဝန်ခံ ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းမှာကြားသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးက ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် အသင်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ယုံကြည်ချက်၊ ခံယူချက် ခိုင်ခိုင်မာမာဖြင့် အသင်းကြီး၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး တို့ကို မှာကြားသည်။

အလားတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဧပြီ ၇ရက် နံနက်ပိုင်းတွင် ရေဖြူမြို့နယ် ပုဂေါ့ဇွန်းကျေးရွာ အနီးရှိ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ ပုဂေါ့ဇွန်း ဆီအုန်းစက်ရုံနှင့် ဆီအုန်းခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဆီအုန်းခြံများ အခြေအနေနှင့် ဆီကြိမ်းထုတ်လုပ်မှုများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ထုတ်လုပ်မှုရည်မှန်းချက်များအတိုင်း ရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဆီအုန်းခြံ အတွင်းမီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ဆောင်ရွက်ရေး၊ အလေအလွင့်နည်းပါးရေးတို့ကို မှာကြားပြီး ဆီအုန်းစက်ရုံနှင့် ဆီအုန်းခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၇ရက် ညနေပိုင်းတွင် ထားဝယ်မြို့ သစ်တောဦးစီးဌာနရုံး၌ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းသစ်ထုတ်ရေးဌာန ပြည်တွင်း (ရောင်း/စက်)မှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံသည်။

မှာကြား

ထိုသို့တွေ့ဆုံရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေး၊ စိုက်ခင်းများအောင်မြင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရေး၊ မောင်းမကန် ရေဝေရေလဲဒေသ သစ်တောများ ထိန်းသိမ်းရေးနှင့် တိုးချဲ့စိုက်ပျိုးရေး၊ ချုံးခြံ ခွဲ့တာရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌ ထားဝယ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများ၊ ထားဝယ်ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ မှာကြားစဉ်။ (သတင်းစဉ်)

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ထရန်ဗန်တန်အား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီးဖြစ်သည်။

မစ္စတာ ထရန်ဗန်တန်သည် ၁၉၄၉ခုနှစ် မေလ ၁၆ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ ဟနမ်းဒေသ၌ မွေးဖွားခဲ့ပြီး ကျူးဘားနိုင်ငံ ဟာဗားနားတက္ကသိုလ်မှ ၁၉၇၂ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကိုရရှိခဲ့သည်။ ၎င်းသည် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၇၂ခုနှစ်တွင် စတင်ဝင်ရောက် အမှုထမ်းဆောင်ခဲ့ပြီး ဝန်ကြီးဌာနတွင်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံရှိ ဗီယက်နမ်နိုင်ငံ သံရုံးများတွင်လည်းကောင်း ရာထူးတာဝန်အဆင့်ဆင့်ဖြင့် ၁၉၉၂ခုနှစ်အထိ လှည့်လည်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၂ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန တောင်အာရှဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၅ခုနှစ်မှ ၁၉၉၉ခုနှစ်အထိ ဩစတြေးလျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗီယက်နမ်နိုင်ငံသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၀ပြည့်နှစ်မှ ယနေ့အထိ ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်လျက်ရှိသည်။

မစ္စတာထရန်ဗန်တန်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။ (သတင်းစဉ်)

စတုတ္ထအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ဝန်ကြီး ဦးဉာဏ်ဝင်း တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၈

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ အစ္စလာမာဘတ်မြို့၌ ဧပြီ ၅ရက်မှ ၇ရက်အထိ ကျင်းပခဲ့သော စတုတ္ထအကြိမ် အာရှပူးပေါင်း ဆောင်ရွက်ရေးဆွေးနွေးပွဲ၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဦးဉာဏ်ဝင်းအား ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ စတုတ္ထအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှ အာရှစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစ္စလာမာဘတ် လုပ်ငန်းစဉ်နှင့် စတုတ္ထအကြိမ် ဝန်ကြီးများ အစည်းအဝေး၏ အစ္စလာမာဘတ် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ဆွေးနွေးခဲ့

အစ္စလာမာဘတ်မြို့တွင် အစည်းအဝေး တက်ရောက်စဉ် ဝန်ကြီးဦးဉာဏ်ဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့် သီးခြားစီတွေ့ဆုံ၍ နိုင်ငံတကာရေးရာများနှင့် နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများကို ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

ပြည်တွင်းငွေလွှဲလုပ်ငန်း ချိတ်ဆက်ဆောင်ရွက်မည်

ရန်ကုန် ဧပြီ ၈

သမဝါယမဘဏ်လီမိတက် (အများနှင့်သက်ဆိုင်သောဘဏ်)နှင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်လီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ပြည်တွင်းငွေလွှဲလုပ်ငန်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ယနေ့နံနက်ပိုင်းတွင် သမဝါယမဘဏ်လီမိတက်(ရုံးချုပ်)၌ ကျင်းပသည်။ အဆိုပါ နားလည်မှုစာချွန်လွှာအရ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်လီမိတက် မိတ္ထီလာဘဏ်ခွဲအနေဖြင့် ဧပြီ ၂၆ရက်မှ စတင်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ မဟာသင်္ကြန်ရက်များ စုပေါင်းဒါနပြုမည်

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေး စေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ မဟာသင်္ကြန်ရက်များအတွင်း အလှူဒါနများကို နှစ်စဉ်ကဲ့သို့ ကျင်းပမည်ဖြစ်သည်။

အကြိုနေ့

မဟာသင်္ကြန်အကြိုနေ့ ညနေပိုင်းတွင် ဘိုးဘွားများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ စုပေါင်း၍ ဆွမ်းတော်ကြီးပွဲများ လှည့်လည်ပြီး မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် မြတ်စွာဘုရားအား ရည်မှန်း၍ အရုဏ်ဆွမ်း ဆွမ်းတော်ကြီး စုပေါင်းဆက်ကပ် လှူဒါန်းကြမည်ဖြစ်သည်။

နေ့စဉ်လှူဒါန်းမည်

မဟာသင်္ကြန် အကြိုနေ့မှ မြန်မာနှစ်ဆန်း တစ်ရက်နေ့အထိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများက ဘိုးဘွားများအား နေ့စဉ် အထူးကျွေးမွေး လှူဒါန်းကြပြီး မြန်မာနှစ်ဆန်းတစ်ရက် နံနက်ပိုင်းတွင် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြမည်ဖြစ်သည်။

နှစ်ဆန်းတစ်ရက်

နှစ်ဆန်းတစ်ရက် နံနက် ၇ နာရီမှစ၍ စေတနာရှင်များက ဘိုးဘွားများအား တစ်ကိုယ်ရေ သန့်ရှင်းရေး ကုသိုလ်ယူ ဆောင်ရွက်ပေးကြမည်ဖြစ်ပြီး ညနေပိုင်းတွင် ငါးကောင်ရေ ၄၀၀၀ ကို ဘိုးဘွားများက စွယ်တော်မြတ်စေတီ မင်္ဂလာကန်တော်ကြီး၌ ဇီဝိတဒါန ဘေးမဲ့လွှတ်ကြမည်ဖြစ်သည်။ ဆက်လက်၍ ရိပ်သာဝင်းအတွင်းသို့ ကြွရောက်တော် မူလာကြသော ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြမည်ဖြစ်ပြီး အန္တရာယ်ကင်း ပရိတ်တရားတော်များ နာကြားကြကာ အလှူရှင်များအား မဟာသင်္ကြန်ကာလအတွင်း ရွှေရင်အေး၊ မုန့်လုပ်ဆောင်း၊ မုန့်လုံးရေပေါ် စသည့် မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာများဖြင့် စေတနာ ကျွေးမွေးလှူဒါန်းမည်ဖြစ်သည်။ (သတင်းစဉ်)

ထားဝယ်ရိုးရာသင်္ကြန်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၈

နှစ်စဉ် ကျင်းပမြဲဖြစ်သော ထားဝယ်အသင်း၏ ထားဝယ်ရိုးရာသင်္ကြန်(ရေးဓိမုန်း)နှင့် မုန့်မျိုးစုံကို ဧပြီ ၁၃ရက်(သင်္ကြန်အကြိုနေ့) ဗုဒ္ဓဟူးနေ့ နံနက် ၈နာရီမှ ၁၀နာရီအထိ အမှတ်(၈၂၈) မဟာဗန္ဓုလလမ်း လမ်းမတော် မြို့နယ် ထားဝယ်အသင်းတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် မိတ်သင်္ဂဟများ လာရောက်အားပေးချီးမြှင့်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)



သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအထက၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို ဧပြီ ၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမြင့် တက္ကသိုလ်ဝင်တန်းမှ မဖြူသန့်လွင်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (ကြေးမုံ)

ကွန်ပျူတာတက္ကသိုလ်မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၈

ကွန်ပျူတာတက္ကသိုလ်တွင် ၁၉၈၆-၈၇ ပညာသင်နှစ်မှစတင်၍ ယနေ့အထိ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၅ခုနှစ် မေလတွင် ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲအတွက် ကျောင်းသူ၊ ကျောင်းသားဟောင်းများအနေဖြင့် ငွေပဒေသာပင်အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပြီး ကွန်ပျူတာတက္ကသိုလ်တွင် သင်ကြားပို့ချခဲ့ကြသည့် ဆရာ၊ ဆရာမကြီးများသည် မြတ်ဆရာပူဇော်ပွဲသို့ ကြွရောက်နိုင်ရန်အတွက် ကျောင်းသားဟောင်းများဖြစ်ကြသည့် ဦးအေးထွန်းလွင် ဖုန်း-၀၉၅-၁၁၉၁၁၇၊ ဦးမင်းဦး ဖုန်း-၀၉-၅၀၀၇၁၆၆၊ ဦးကျော်ကျော်နိုင် ဖုန်း- ၀၉၉၉၂၈၆၃၇၊ ဦးဖြိုးဝေစိုး ဖုန်း-၅၈၁၄၅၃၊ ဦးမျိုးမင်းအောင်ကျော် ဖုန်း-၀၉၅၀၀၉၅၂ တို့သို့ ဆက်သွယ်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို WWW.ucsy.net တွင် ကြည့်ရှုနိုင်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ အတီးပြိုင်ပွဲ

၈:၀၀ ၆။ တေးဂီတအစီအစဉ်

၈:၁၀ ၇။ ဇိုက္ကရဲရေထိန်းတံခါး

၈:၂၀ ၈။ ခါသင်္ကြန်အဆို၊အကများ

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV. (Senior Class)

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂:၄၅ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းမေတ္တာ" (အပိုင်း-၂၆)**

၁:၃၀ ၅။ ခါသင်္ကြန်အဆိုအကများ

၁:၄၅ ၆။ **"ပန်းချစ်သော ပန်းချစ်သူ" (ခန့်စည်သူ၊ဆုပန်ထွာ၊ နိုရာအန်း) (ဒါရိုက်တာ-မောင်နန္ဒ)**

၂:၃၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၂:၄၅ ၈။ International News.

၃:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄:၃၀ ၃။ တေးဂီတအစီအစဉ်

၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သချာအထူးပြု) (သချာ)

၅:၀၀ ၅။ တေးဂီတအစီအစဉ်

၅:၁၅ ၆။ မြန်မာစာ၊မြန်မာစကား

၅:၄၅ ၇။ တေးဂီတအစီအစဉ်

၅:၄၅ ၈။ ချစ်စရာ့အတာသင်္ကြန်

၆:၁၀ ၉။ ခါသင်္ကြန်အဆို၊အကများ

၆:၂၀ ၁၀။ Discovery

၆:၃၀ ၁၁။ ညနေခင်းသတင်း

၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်အားသို့ တစ်ရာတစ်လီ" (အပိုင်း-၁၃)**

၇:၄၅ ၁၄။ ခါသင်္ကြန်အဆိုအကများ

၇:၅၅ ၁၅။ ဂုဏ်ယူဖွယ်ရာထားထီ ဆောင်း ကျေးရွာသွေးလှူရှင်များ

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သဲသရက" (အပိုင်း-၄၂)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

မီးဘေးရှောင် မလောင်ခင်တား

ကြည့်ရှု စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ကျေးလက်ဒေသ သောက်သုံးရေရရှိရေးအတွက် ဖျာပုံခရိုင် အမာမြို့ (၄)ရပ်ကွက်ရှိ သောက်သုံးရေကန် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဖျာပုံခရိုင် အမာမြို့နှင့် မြောင်းမြခရိုင် ပြင်စလူမြို့ ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၈

ဧရာဝတီတိုင်း ဖျာပုံမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၆ရက် နံနက် ၇နာရီတွင် ဖျာပုံမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ဖျာပုံ-ကျုံကဒွန်း-အမာ ကားလမ်းပိုင်း ကြံ့ခိုင်မှုအခြေအနေနှင့် ပြုပြင်မွမ်းမံမှု အခြေအနေများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် နံနက် ၉နာရီခွဲတွင် ဖျာပုံခရိုင် အမာမြို့သို့ ရောက်ရှိကြရာ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ကြိုဆိုနှုတ်ဆက်ကြသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် စွမ်းအင်ဝန်ကြီးဌာန အမာအခြေစိုက်စခန်းသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ ဒေသတိုးတက်မှုများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရှေးဦးစွာ အမာမြို့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးစံသာထွန်းက အမာမြို့ဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကသီးနှံ ၁၀မျိုးနှင့် ဒေသနှင့်ကိုက်ညီသည့် နှစ်ရှည်သီးနှံနှင့် အမယ်သစ် သီးနှံများကို တိုးချဲ့စိုက်ပျိုးရေး၊ ဒေသကြက်နှင့်ဘဲအပြင် ငါးမွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်အထိ မွေးမြူရေး၊ ကုန်စည်စီးဆင်းမှုများ မြန်ဆန်သွက်လက်ရေးအတွက် အမာ-ကျုံကဒွန်း-ဖျာပုံလမ်းကို ရာသီမရွေး သွားလာနိုင်အောင် ဆောင်ရွက်ရေးနှင့် ပညာရေးဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ကျေးလက်ဒေသ သောက်သုံးရေရရှိရေးအတွက် အမာမြို့ အမှတ် (၄)ရပ်ကွက်၌ အလျားပေ ၂၀၀၊ အနံ ၈၆ ပေနှင့် အမြင့်ငါးပေခွဲရှိရေဂါလန်ငါးသောင်းခွဲဆံ့ သောက်သုံးရေကန်ကို စက်ယန္တရားကြီးဖြင့် တူးဖော်နေမှု အခြေအနေကိုလည်းကောင်း၊ အမာမြို့ စည်ပင်သာယာရေးဦးစီးဌာနရုံးနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လည်းကောင်း၊ အမာမြို့ ရဲတပ်ဖွဲ့စခန်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် အမာမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ပြင်စလူမြို့

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ မြောင်းမြခရိုင် လပွတ္တာမြို့နယ် ပြင်စလူမြို့သို့ ညနေ ၆ နာရီတွင် ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ကမ္ဘာ့စားနပ် ရိက္ခာအစီအစဉ် (World Food Programme) အစီအစဉ်နှင့် မြန်မာ့ဖွံ့ဖြိုးရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သည့် ပြင်စလူမြို့ အောင်ခြင်းရှစ်ပါး မင်္ဂလာရေကန်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးသည်။

အစီအစဉ်အရ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲ အခမ်းအနားကျင်းပရာ မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်းဝင်းနှင့် မြို့မိမြို့ဖ ဦးရွှေနှင့် တာဝန်ရှိသူတစ်ဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ဖွင့်လှစ်ပြီး အောင်ခြင်းရှစ်ပါး မင်္ဂလာရေကန်အား ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ အောင်ခြင်းရှစ်ပါး မင်္ဂလာရေကန်မှာ ၁၈ ဧက အကျယ်ရှိ၍ ရေဂါလန် ၂၂၅သိန်း သိုလှောင်နိုင်ပြီး ငွေကျပ် ၃၈၉၇၆၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြင်စလူနှင့် ပင်လယ်ကမ်းခြေရွာများဖြစ်သည့် နံ့သာကုန်း၊ ကုန်းကြီး၊ ထန်းပင်ကုန်း၊ အောင်လှိုင်၊ ကျားကျောင်း၊ ဝါးဘိုးကုန်း၊ လေယာဉ်ကွင်းစသည့် ကျေးရွာခုနစ်ရွာနှင့် ဆက်သွယ်ထားသည့် အရှည်ငါးမိုင်၊ အကျယ်ပေ ၅၀ ရှိ ဗိုလ်ချုပ်လမ်းမသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်နှင့်မြန်မာ့ဖွံ့ဖြိုးရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းမှ ထောက်ပံ့ပို့ဆောင်ရေးအရာရှိ ဦးစောတင်လေးက လမ်းဖောက်လုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ စီမံကိန်းအရာရှိ မစ္စတာကာအိုရှီတာနာဘီက ဖွင့်ပွဲ အထိမ်းအမှတ်အလံကို ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းအား လည်းကောင်း၊ ဦးစောတယ်ဒီက တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများအားလည်း ကောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ဖွင့်ပွဲ အခမ်းအနားကျင်းပရာ မင်္ဂလာ မုခ်ဦး ရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်းဝင်းက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ဖွင့်လှစ်ပြီး လမ်းအား လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပြင်စလူနှင့် ပင်လယ်ကမ်းခြေရှိ ရွာခုနစ်ရွာဆက်သွယ်ထားသည့် ဗိုလ်ချုပ်လမ်းမမှာ အရှည် ငါးမိုင်နှင့် အကျယ် ပေ ၅၀ ရှိပြီး ငွေကျပ် ၁၂၂၈၈၀၀၀ အကုန်အကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

လမ်းဖွင့်ပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ပြင်စလူမြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

The Commerce Journal အတွဲ(၅)၊ အမှတ်(၅) ဖြန့်ချီ

ရန်ကုန် ဧပြီ ၈

အသွင်သစ်ဖြင့် ထုတ်ဝေလိုက်သည့် The Commerce Journal အတွဲ(၅)၊ အမှတ်(၅)တွင် ဆရာမောင်စူးစမ်း၏ စတုတ္ထစနစ်ပေါ်မည်လော၊ ဆရာအောင်သင်း၏ ကျွန်တော်ကျောင်းဆရာ၊ ဒေါက်တာ ခင်မောင်ညို၏ ပညာခေတ်နှင့် ရှေ့ဆက်ရမယ့်ခရီး၊ မောင်တိုင်ပင်၏ ပြည်ပပို့ကုန်သီးနှံ၊ ကန့်သတ် သီးနှံဖြစ်ရင်၊ အောင်စိုး MPM ၏ စားသုံးမှုကျော်တက်သွားတဲ့ တရုတ်နိုင်ငံ၊ ဟံသာထွန်း၏ Maxxis ကြော်ငြာပြီ၊ မောင်သစ်ဦး၏ စင်ကာပူ၊ မလေးရှားစီးပွားရေးကွင်းဆက်၊ ကြည်ရွှန်း၏ ကမ္ဘာ့ဒုတိယအချမ်းသာဆုံး စတော့ပွဲစား စသည့် သုတ/ရသ ဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြထားပြီး အမှတ်(၃၈) လမ်း(၃၀)ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

နည်းယူနိုင်ပါသည်

☆ ဒီနေ့ချိန်ခါ၊ ဒို့မြန်မာတွေ
ဘာလုပ်နေလဲ
ကဲ-ကြည့်လိုက်ပါ၊ သေအချာ။

☆ သူတို့ပြောတာ၊ ကြားနေပါလည်း
သွားတာမပျက်၊ ချီတက်လျက်။

☆ သူတို့အားထုတ်၊ ကွဲအောင်လုပ်လည်း
မဖြုတ်လက်တွဲ၊ ချီတက်မြဲ။

☆ သူတို့အသံ၊ စည်းချက်သံလား
စိတ်မှာထားလျက်
ချီတက်နေတာ၊ ဒို့မြန်မာ။

☆ ကဲ-ဘယ့်နှယ်ရှိစ
မြန်မာ့စရိုက်
လွတ်လပ်လိုက်တာ၊ တွေ့ရမှာပေါ့။

☆ လွတ်လပ်နေခြင်း၊ လာဖို့ခွင်းလျှင်
လွတ်လပ်ခြင်းဖြင့်
လက်ငင်းတုံ့ပြန်၊ ထိရောက်ဟန်ကို
စံနမူနာပြု၊ နည်းယူကြ
မြန်မာတို့ရဲ့ သရုပ်ပြ။ ။

မျိုးသွား

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၀၅(စနေနေ့)

၇း၀၀	အဖွင့်ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ချည်မျှင်ရှည်ဝါအထွက်တိုးနည်းပညာ
၇း၂၀	နိုင်ငံတကာသတင်း
၇း၂၅	ခါသကြိန်အဆို၊အက
၇း၃၀	မိုးလေဝသခန့်မှန်းချက်
၇း၃၅	ဝါသနာရှင်စင်မြင့်
၈း၁၅	မင်းမသိသေးပါဘူးကွာ
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ချစ်စရာ့ရွှေကျင်
၈း၄၀	ခါသကြိန် အဆို၊ အက
၈း၄၅	ပြည်တွင်းသတင်း
၈း၅၀	မျက်လှည့်ပဒေသာပျော်ရွှင်စရာ
၉း၁၀	ကရင်ရိုးရာဝတ်စားဆင်ယင်မှု
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	နိုင်ငံတကာသတင်း
၉း၂၅	လက်ဆင့်ကမ်းဝေ ဂီတအမွေ
၁၀း၀၀	ယူရီးယားဓာတ်မြေသြဇာ ထုတ်လုပ်မှုကဏ္ဍ
၁၀း၂၀	ခါသကြိန်အဆို၊အက
၁၀း၂၅	ပြည်တွင်းသတင်း
၁၀း၃၀	ဆပ်သွားတံတား
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီး
၁၁း၀၀	အပိတ်

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀) နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်သည်။

စစ်ကိုင်းတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူးတက်ရောက်မှာကြား

ရန်ကုန် ဧပြီ ၈

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၆ ရက် နံနက်ပိုင်းက မုံရွာမြို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးက အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၏ လုပ်ငန်း ဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်း မှာကြားသည်။ ယင်းနောက် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးများက ခရိုင်နှင့် မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးမှူးက ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒေါသအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ပုပ္ပားကျောင်းသင်္ကြန်တွင်း တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ပုပ္ပားကျောင်းတိုက်တွင် ဧပြီ ၁၁ ရက်မှ ၁၈ ရက်အထိ တရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ ဧပြီ ၁၂ရက်ညတွင် အဂ္ဂမဟာပဏ္ဍိတ၊ တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တစန္ဒာသိရီ (တပ်ကုန်း)၊ ဧပြီ ၁၃ ရက်ညတွင် ဘဒ္ဒန္တဓောတိကာ ဘိဝံသ (မန္တလေး)၊ ဧပြီ ၁၄ ရက်ညတွင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသ၊ ဧပြီ ၁၅ ရက် ညတွင် ဓမ္မကထိက ဘဒ္ဒန္တကုန္ဒက (ချမ်းမြေ့မြိုင် ရိပ်သာ)နှင့် ဧပြီ ၁၆ရက်ညတွင် အဂ္ဂမဟာ ပဏ္ဍိတ တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တစန္ဒာသိရီ (တပ်ကုန်း) တို့က တရားတော်များ ဟောကြားတော်မူကြမည်ဖြစ်သည်။ (က-ပ)

မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၈

၂၀၀၅ ခုနှစ် ပထမအကြိမ်အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပရေးကိစ္စနှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မောင်ဦးလွင်(ရေ)နှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ၂၀၀၅ ခုနှစ် ပထမ အကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲနှင့် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပရေးကိစ္စနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ညှိနှိုင်းဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံခြင်းလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မောင်ဦးလွင်(ရေ)နှင့် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်တို့က ပြိုင်ပွဲကျင်းပရေး ကိစ္စရပ်များနှင့် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဌာနခွဲအလိုက် ညွှန်ကြားရေးမှူးများနှင့် အစည်းအဝေးသို့ တက်ရောက် လာကြသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူတို့က မိမိတို့နှင့် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် အသီးသီး ဆွေးနွေးတင်ပြကြပြီး အထွေထွေကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးတင်ပြကြသည်။

ဖြည့်ဆည်း

ထို့နောက် သဘာပတိက အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ညှိနှိုင်းဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်း ညှိနှိုင်း ကျင်းပမည့် Davis Cup Asia / Oceania Zone Group (IV) ကျင်းပရေးကိစ္စနှင့် စပ်လျဉ်းသည့် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ သဘာပတိ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်အောင်လင်းနှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲကျင်းပရေး ကိစ္စရပ်များနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသော အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူတို့က မိမိတို့နှင့်သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် အသီးသီးရှင်းလင်း ဆွေးနွေးတင်ပြကြပြီး အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြသည်။ ထို့နောက် သဘာပတိ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးသို့ တက်ရောက် လာကြသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ်စကားပြောကြားသည်။

(သတင်းစဉ်)

မီးသတိပြု

အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ၊

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ၊

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ၊

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်၊

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ၊

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ၊

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ၊

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ၊

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ၊

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါ ဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

သတိ

အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင် ရောင်းချခြင်းများ မပြုလုပ်ရန်တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့သင်္ကြန်
၈:၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၈။	**ဆရာတော်ဦးဃောသိတ တရားတော်- -အိမ်ခြေပါ၊ပါးအင်အားညီမှ**
၉:၁၀	၉။	အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၀။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မြန်မာ့သင်္ကြန်
၄:၂၀	၄။	ချစ်သူစုံတွဲယူယှဉ်နွှဲ
၄:၃၀	၅။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၃၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	**မမှောင်သောအလင်း (အပိုင်း-၁၅)**
၅:၂၀	၉။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀	၁၀။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အမြွှာနဲ့ကြမ္မာ (အပိုင်း-၁၀)**
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**English Premier League ဘောလုံးပွဲ Norwich City Vs Manchester United**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။



ခရိုင်ချင်းဆက် လမ်းဖောက်လုပ်မှုများ စည်ပင်ညွှန်ချုပ် စစ်ဆေး

မှော်ဘီ ဧပြီ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၃ ရက်က ရန်ကုန်တိုင်းအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်နေမှုများအား စစ်ဆေးခဲ့သည်။ (အပေါ်ပုံ)

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် လှည်းကူးမြို့နယ် အမှတ်(၃) လမ်းမကြီးမှတစ်ဆင့် ကြာကန်စုကျေးရွာ၊ ညောင်နှစ်ပင် စိုက်ပျိုးရေးဇုန်နှင့် ခရိုင်ချင်းဆက်လမ်း လမ်းဆုံရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်တို့က ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများအား မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် လမ်းဆုံအနီး စက်ယန္တရားများဖြင့် မြေသားလမ်း တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ကြာအင်း(အနောက်) ရွာအနီး မြေသားလမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ သပြေကုန်းရွာအနီး မြေသားလမ်း ဆောင်ရွက်မှုအခြေအနေနှင့် အင်းကန်ကျေးရွာတွင် ဦးစီးဌာနပိုင် စက်ယန္တရားများဖြင့် မြေသားလမ်းဖောက်လုပ်နေမှုများအား စစ်ဆေးပြီး လမ်း၊ တံတားများ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းဆောင်ရွက်ရာတွင် အလေအလွင့်နည်းပါးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် ဖူးကြီးကျေးရွာမှ ကန်သာယာကျေးရွာအထိ အရှည် ခုနစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၂ ပေရှိ ကျောက်ချောလမ်းနှင့် တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သည့် ကျောက်ချောလမ်း၊ ကန်သာယာရွာမှ ကွမ်းသီးမြောင်ကျေးရွာအထိ အရှည် ကိုးမိုင် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေရှိ လမ်းအား စစ်ဆေးသည်။ ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ခရိုင်ချင်းဆက်လမ်းပေါ်ရှိ ဥက္ကံ ချောင်းကူး သစ်သားတံတား တည်ဆောက်နေမှုနှင့် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းဆုံရာ တောင်ညိုကျေးရွာ၊ မီးနင်းချောင်း နယ်စပ်သို့ ရောက်ရှိပြီးလမ်း၊ တံတားများဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ အလေအလွင့်နည်းပါးစွာ သတ်မှတ် စံချိန်စံညွှန်းအတိုင်း အချိန်မီ ပြီးစီးရေးဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း ဆောင်ရွက်ပြီးပါက ကြာကန်စု၊ ညောင်နှစ်ပင် စိုက်ပျိုးရေးအထူးဇုန်မှတစ်ဆင့် ကျေးရွာများကို ဖြတ်သန်းပြီး ပဲခူးတိုင်း(အနောက်ပိုင်း)၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းများသို့ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ **(နယ်စပ်စည်ပင်)**

မတ် ၂၉ ရက်က သုံးခွမြို့နယ် အား/ကာ မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပသော ဂုဏ်ပြုပွဲတွင် သန်လျင်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းတင်က ပြည်နယ်/တိုင်းအနှံ့ စက်ဘီးဖြင့် ခရီးရှည်စီးနင်းသည့် တစ်ကိုယ်တော် စက်ဘီးအားကစားသမား တာချီလိတ်မှ ဦးမျိုးမြင့်အား ဂုဏ်ပြုလွှာ ပေးအပ်စဉ်။ (၈၇)

စွန်းလွန်းဂူသင်္ကြန်စခန်းပွဲ

မော်လမြိုင် ဧပြီ ၆

မော်လမြိုင်မြို့ မြိုင်သာယာမြို့သစ်ရပ်ရှင်စောပုလမ်းရှိ စွန်းလွန်းဂူ ဓမ္မအေးရိပ်သာကြီးတွင် (၁၆)ကြိမ်မြောက် စွန်းလွန်းဂူ ၁၀ ရက်စခန်းပွဲကို ဧပြီ ၈ ရက်မှ ၁၈ ရက်ထိ ကျင်းပလျက်ရှိရာ စွန်းလွန်းဂူဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ကမ္မဋ္ဌာနာစရိယရိပ်သာ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိလောကနှင့် တပည့် အရှင်ပညာစက္က(ကောလင်း)က ခန္ဓာဉာဏ်ရောက် တရားများ ဟောကြားပြသသည်။ **(က-ပ)**

မြို့နယ်
သတင်းများ

ဆံတော်ရှင် ကျိုက်ထီးရိုးတောင်တန်းသာသနာပြု ပိဋကတ်သုံးပုံ မိသားစုများက တတိယအကြိမ်မြောက် ဆံတော်ရှင် ကျိုက်ထီးရိုးရင်ပြင်တော်ကျောင်း အမှူးပြုသည့် ဘုန်းတော်ကြီးကျောင်း ၅၆ ကျောင်းသို့ ပိဋကတ်သုံးပုံ(မြန်မာပြန်) ကျမ်းစာအုပ်များ လှူဒါန်းပွဲကို မတ် ၂၇ ရက်က ကျိုက်ထီးရိုးရင်ပြင်တော်ကျောင်းတွင် ကျင်းပရာ ဦးသောင်းမြင့် ဦးဆောင်သောအဖွဲ့က ကျိုက်ထီးရိုးဆရာတော် ဦးရေဝတအား ဆက်ကပ်လှူဒါန်းစဉ်။ (၃၅၄)

မိုးညှင်းမြို့နယ်၌ ရေပေးဝေရေးအခမ်းအနား ကျင်းပ

မိုးညှင်း ဧပြီ ၅

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပင့်သာကျေးရွာ ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်သော ပင့်သာကျေးရွာ စိမ့်စမ်းရေသွယ် ရေပေးရေးဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၈ နာရီက ပင့်သာကျေးရွာ ရေဝေကန်အနီး မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ဒင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဇော်က စိမ့်စမ်းရေသွယ် ရေပေးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးမြင့်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါစိမ့်စမ်းရေသွယ်မှ တစ်နေ့လျှင် ရေဂါလန် ၃၀၀၀၀ ခန့်ထွက်ရှိပြီး သောက်သုံးရေဖူလုံသည့်အပြင် ကျေးလက် ရေအားလျှပ်စစ်အတွက်ပါ ရေအားဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။ **(၇၄၂)**

ပျော်ဘွယ်မြို့နေလူထု သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိစေရေးအတွက် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးဝေရေးလုပ်ငန်းကို နှစ်စဉ်တိုးချဲ့ပြုပြင် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးသန်းလှနှင့်အဖွဲ့ မင်းကျောင်း ရေစင်အပိုင်း မြို့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မတ် ၂၇ ရက်က ကွင်းဆင်းကြည့်ရှုကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

သန်လျင်မြို့ အခြေခံပညာမူလတန်းကျောင်း(မူလွန်) တပ်တွင်း အခြေခံပညာမူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၂၈ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက မသဲစုနိုင်အား မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (၈၆)

သာသနဒီပံ တရားစခန်းဖွင့်မည်

ရွှေပြည်သာ ဧပြီ ၆

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် (၆/၁၀)ရပ်ကွက် ချင်းတွင်းလမ်း သာသနဒီပံ မဟာစည်ရိပ်သာ၌ ဧပြီ ၁၀ရက်မှ ၁၇ရက်ထိ မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန်ဝိပဿနာတရားများကို အခြေခံမှစ၍ အရှင်သိရိန္ဒ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ရိပ်သာ ဖုန်း-၆၆၆၆၆၄၊ ၇၀၇၄၉၇ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ပန်းအလှပင်နှင့် အရိပ်ရပင် စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၁၉ ရက်က ပြည်-ရန်ကုန် အဝေးပြေးလမ်းမကြီးနှင့် ဆေးရုံတန်းလမ်းဆုံ တြိဂံကျွန်း မြေကွက်လပ်တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် မြေခင်းအလှပြုပြင်ခြင်းများအား ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၄၃)

ကျေးလက်
တစ်ခွင်
ဖွံ့ဖြိုး စည်ပင်

မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြိုင်

ဝါးခယ်မ ဧပြီ ၅

ဝါးခယ်မမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲပြိုင်ပွဲ အခမ်းအနားကို မတ် ၁၂ ရက် ည ၇ နာရီက ရွှေခယ်သီရိ အားကစားခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဌေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မော်မော်သန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူများတက်ရောက်အားပေးကြသည်။

ပေးအပ်ချီးမြှင့်

အဆိုပါ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲပြိုင်ပွဲသို့ မြို့ပေါ် ၁၄ ရပ်ကွက်မှ ရွှေလောင်း၊ ကျူမငေး၊ ကျွန်းကုန်းစသည့် ပြိုင်ပွဲဝင် ၁၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီးနောက် ပထမဆုရ ကျော့ကျော့စံ ပတ္တမြားရပ်ကွက်၊ ဒုတိယဆုရ နေခြည်ထွန်း ဆေးရုံရပ်ကွက်၊ တတိယဆုရ မမိုမို လှေကျင်းရပ်ကွက်တို့အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မော်မော်သန်းက ဆုတံဆိပ်များနှင့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု စလွယ်တို့ကို ပေးအပ်ချီးမြှင့်သည်။ **(၁၈၂)**

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သော ပဲခူးမြို့ သမိန်ဗရမ်းလမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးသောင်းဟန်နှင့် ဒေသခံပြည်သူ တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(မြို့နယ်စည်ပင်)

အားသုံးအားပေါင်းစပ်၍ မျိုးချစ်စိတ်ဓာတ်ရှိရှိ ကြိုးကြိုးစားစားလုပ်ကိုင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် အားသုံးအားပေါင်းစပ်၍ မျိုးချစ်စိတ်ဓာတ်ရှိရှိ ကြိုးကြိုးစားစားလုပ်ကိုင်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဧပြီ ၈ရက်က ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌ ထားဝယ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများ၊ ထားဝယ်ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား လမ်းညွှန်မှာကြားစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဆီအုန်းစီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ရှိရှိ စီမံခန့်ခွဲမှုကောင်းကောင်းဖြင့် ဆောင်ရွက် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ယုဇန ဆီအုန်းဆီကြိတ်စက်ရုံဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၈

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ရှိ ယုဇနကုမ္ပဏီလီမိတက်၏ တစ်နာရီတန်(၃၀)ကျ ဆီအုန်းဆီကြိတ်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၆ရက် နံနက် ၇နာရီတွင် အဆိုပါစက်ရုံ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်အားပေးသည်။

တက်ရောက်

အဆိုပါ ဆီအုန်းဆီကြိတ်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တနင်္သာရီတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆီအုန်းလုပ်ငန်းရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ယုဇနကုမ္ပဏီလီမိတက် ဆီအုန်းခြံများမှ လုပ်သားများ တက်ရောက်ကြသည်။ ရှေးဦးစွာ အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့် ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ဆီအုန်းဆီကြိတ်စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ရှိ ဆီအုန်းဆီကြိတ်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး